ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၄ ရက်၊ စနေနေ့။ Saturday 5 January 2019 ၉၅၂၂


# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သူရဘွဲ့ရရှိသူ ဒုတိယဗိုလ်မှူးကြီးလှထူး (ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သူဇာမိုးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သူရဘွဲ့ရရှိသူ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်ဦး(ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ချိုချိုအောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

> “နိုင်ငံတော်တည်ဆောက်ရေးတာဝန်များတွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ မိမိတို့၏ အသက်၊ ခန္ဓာ၊ ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ရဲဝံ့စွန့်စားစွာ ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များကို နေ့ထူးနေ့မြတ်ဖြစ်သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်း

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး ဒေါ်သိန်းယဉ်ချေ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪

**လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ ကစားနည်းများနှင့် အားကစားပြိုင်ပွဲများ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ**

စာမျက်နှာ - ၆

**အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေး တရားဝင်ဆိုရှယ်မီဒီယာစာမျက်နှာများ မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ**

စာမျက်နှာ - ၁၀




## ကြေးမုံ

# ဖြူစင်မှန်ကန်စွာဖြင့် ညီညီညွတ်ညွတ်ကြိုးပမ်း

"နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းလုံခြုံစွာ ဥမကွဲသိုက်မပျက် နေထိုင်နိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် လည်းကောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းဒေသကြီး၊ ပြည်နယ် မခွဲခြားဘဲ ဒီမိုကရေစီအသီးအပွင့်များ ခံစားစံစားနိုင်ကြစေရန် လည်းကောင်း၊ မိမိတို့၏ လိုအင်ဆန္ဒများ ပြည့်ဝစေရေးအတွက် စိတ်ရောကိုယ်ပါ ညီညွတ်ကြလျက် ဖြူစင်သောစိတ်ထား၊ မှန်ကန်သောစေတနာတို့ဖြင့် ကြိုးပမ်းအားထုတ်ကြပါ"ဟု (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပေးပို့သည့်သဝဏ်လွှာတွင် ဖော်ပြထားသည်။

မျက်မှောက်ကာလ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နေသော အချိန်အခါ၌ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေရန်သာမက နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းသာယာဝပြောရေးအတွက် ပြည်ထောင်စုသားအားလုံး စိတ်ရောကိုယ်ပါ ညီညွတ်ကြလျက် ဖြူစင်သောစိတ်ထား၊ မှန်ကန်သော စေတနာတို့ဖြင့် ကြိုးပမ်းအားထုတ်ကြရန် နိုင်ငံတော်သမ္မတ၏ ရင်းနှီးချစ်ခင်စွာ တိုက်တွန်းမှုကို အလေးအနက်ထားရမည် ဖြစ်သည်။

လွတ်လပ်သော မြန်မာနိုင်ငံ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးတို့အတွက် ကြိုးပမ်းတည်ဆောက်ရာတွင် စိတ်ရောကိုယ်ပါ ညီညွတ်ကြလျက် ဖြူစင်သောစိတ်ထား၊ မှန်ကန်သော စေတနာတို့မှာ အထူးလိုအပ်နေသည်။ ထို့ကြောင့် ယင်းကို အခါအခွင့်သင့်တိုင်း တိုက်တွန်းကြရသည်။ ယခုအခါ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံအစည်းအဝေးများ ကျင်းပနေပြီး တတိယအစည်းအဝေး အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

(၂၁)ရာစု ပင်လုံအစည်းအဝေးများတွင် ဒီမိုကရေစီကျင့်စဉ်များ၊ ဖက်ဒရယ်အခြေခံမူများ၊ သဘောတူညီမှုများ ရရှိထားပြီးဖြစ်သည်။ ရှေ့ဆက်၍ ငြိမ်းချမ်းရေးပန်းတိုင်၊ ဒီမိုကရေစီပန်းတိုင်သို့ တက်လှမ်းနိုင်ရေးအတွက် ဖြူစင်သောစိတ်ထား၊ မှန်ကန်သောစေတနာတို့ဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ပြည်သူများ မျှော်လင့်သည့် ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မလွဲမသွေ တည်ဆောက်နိုင်မည် ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးတို့အတွက် အဓိကလိုအပ်ချက်မှာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုပင်ဖြစ်သည်။ တစ်ဦးအပေါ် တစ်ဦး ဗိုလ်ကျခြင်း၊ တရားမျှတမှုမရှိခြင်းဟူသည့်စိတ်များ အလျှင်းပယ်ဖျောက်ရန်အတွက် စေတနာမေတ္တာများ၊ သည်းခံခြင်းတရားများဖြင့် ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ကြရမည် ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယစိတ်များကင်းစင်ကာ ခိုင်မာသည့် ယုံကြည်ချက်ဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရမည် ဖြစ်သည်။ ယင်းမှတစ်ဆင့် တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် ဖက်ဒရယ်မူများနှင့်အညီ မိမိတို့နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတက ရင်းနှီးချစ်ကြည်စွာ သဝဏ်လွှာပါး တိုက်တွန်းထားသည်နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ငြိမ်းချမ်းသာယာဝပြောသည့် ပြည်ထောင်စုကြီးအဖြစ် ဝင့်ကြွားထည်ဝါစွာ ထာဝစဉ်တည်တံ့နိုင်ရေးအတွက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စုပေါင်းအင်အားဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ရောဂါထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်ရေးသင်တန်းကျောင်း စီမံကိန်းများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Senior architectural engineer Mr. Shi Ting ခေါင်းဆောင်သည့် Shanghai Architectural Design and Research Institute Co., Ltd. နှင့် Guangzhou Sui Ke Construction Management Co., Ltd. တို့မှ ကျွမ်းကျင်သူများအဖွဲ့နှင့် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်ရေးသင်တန်းကျောင်း အဆောက်အအုံအား နေပြည်တော်တွင် မြန်မာနိုင်ငံ၏ အခြေအနေများနှင့်အညီ၊ ဝန်ကြီးဌာန၏ လိုအပ်ချက်နှင့်အညီ ဆောက်လုပ်သွားရန် ရေးဆွဲထားရှိသော ဗိသုကာဒီဇိုင်းပုံစံ(မူကြမ်း)၊ ဇန်နဝါရီလအတွင်း နှစ်ဖက်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများက မြေပြင်လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုလက်မှတ် ရေးထိုးသွားရန်နှင့် လုပ်ငန်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လေ့ကျင့်ရေးသင်တန်းကျောင်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နည်းပညာပိုင်းဆိုင်ရာနှင့် ရန်ပုံငွေပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းပြီးစီးပြီးနောက် ရောဂါစောင့်ကြပ်ကြည့်ရှုထောက်လှမ်းခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာ လေ့ကျင့်သင်ကြားရေး လုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဇန်နဝါရီ ၆ ရက်တွင် နေတစ်ပိုင်းကြတ်ခြင်းဖြစ်ပေါ်မည်

**ရန်ကုန် ဇန်နဝါရီ ၄**

လကွယ်ရက်နား နီးနေပြီဖြစ်သောကြောင့် လခြမ်းမှာ နံနက်ခင်းပိုင်းမှ ထွက်ပေါ်လျက်ရှိသဖြင့် လာမည့် ဇန်နဝါရီ ၆ ရက်တွင် နေတစ်ပိုင်းကြတ်ခြင်း ဖြစ်ပေါ်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံမှ မြင်တွေ့ရဦးမည်မဟုတ်ကြောင်း အာကာသနှင့် စကြဝဠာ၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားချက်အရ သိရသည်။

မြန်မာ့နက္ခတ္တတွက်ချက်ရေးပညာရှင် ဦးအောင်သန်းက "အဓိကတော့ ဒီကြယ်ကြွေတဲ့ဖြစ်စဉ်က နေထွက်ချိန် အနီးအနားတစ်ဝိုက်မှာ ဖြစ်သွားတဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံက မမြင်ရတာပါ" ဟု ရှင်းပြသည်။

ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက်အစောဦးပိုင်းဖြစ်သော ညနက်သန်းခေါင်ယံအချိန်တွင် အရှေ့မြောက်ဘက်အရပ်ဆီမှ ခုနစ်စဉ်ကြယ်၏ အမြီးနား၌ ကြယ်မိုးများ ရွာသွန်းဖြိုးပြီး အဆိုပါကြယ်ကြွေမှုဖြစ်စဉ်ကို Quadrantid Meteor Shower ဟု ခေါ်ဆိုသတ်မှတ်ကာ ၂၀၁၉ ခုနှစ်အတွက် ပထမဆုံး ကြယ်ကြွေခြင်းဖြစ်စဉ်တစ်ခုဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများမှ ထုတ်ပြန်ထားသည်။

ကြယ်ကြွေမှုဖြစ်ခြင်းမှာ ကောင်းကင်ရှိ လင်းလက်နေသော ကြယ်များ ကြွေကျသေဆုံးသွားခြင်းမဟုတ်ဘဲ အာကာသအတွင်း လွင့်မျောနေသည့် ကျောက်ခဲမှုန်လေးများရှိရာ နေရာဆီသို့ ရောက်ရှိလာသည့် ကမ္ဘာ၏ လေထုနှင့် ပွတ်တိုက်မိရာမှ ပေါ်ထွက်လာသော အလင်းတန်းများဖြစ်ကြောင်း၊ ယခုအကြိမ် ပွတ်တိုက်မိမည့် ကျောက်ခဲမှုန်လေးများမှာ ၂၀၀၃ ခုနှစ်တွင် တွေ့ရှိထားသည့် 2003 EH1 ဟု အမည်ရသော ဥက္ကာပျံတစ်ခုမှ ကျန်ရှိခဲ့သည့် အကြွင်းအကျန်များဖြစ်သည်ဟု ခန့်မှန်းယူဆရကြောင်း အာကာသနှင့် စကြဝဠာ၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။




ကြယ်ကြွေမည့်နေရာများမှာ အရှေ့မြောက်ဘက်ရှိ မိုးကုပ်စက်ဝိုင်းအောက်ဘက်နားလောက်တွင် ဖြစ်သောကြောင့် မြင်တွေ့နိုင်ရန် လွန်စွာခက်ခဲကြောင်း၊ ကြယ်ကြွေမှုဖြစ်စဉ်မှာ တစ်နာရီလျှင် ကြယ်အလုံးရေ ၈၀ နီးပါးရှိမည်ဖြစ်ပြီး ကြယ်ကြွေမည့်အချိန်များမှာ နံနက်ခင်းပိုင်း ခုနစ်စဉ်ကြယ်အစုံ ထွက်ပေါ်ချိန်တွင် ဖြစ်ကြောင်း၊ ခုနစ်စဉ်ကြယ်၏ အမြီးနားရှိ Bootes ကြယ်တာရာထဲမှနေ၍ ကြွေကျမည်ဖြစ်ပြီး ထိုအထဲတွင် ထင်ရှားသည့် Arcturus ဆိုသော ကြယ်နီကြီးတစ်လုံးရှိကြောင်းနှင့် မြန်မာနက္ခတ်အရ သွာတိနက္ခတ်ဟု ခေါ်ဆိုသတ်မှတ်ထားကြောင်းလည်း သိရသည်။

ယခု ဇန်နဝါရီလတွင် သွာတိနက္ခတ်မှာ မိုးကုပ်စက်ဝိုင်းနှင့် လွန်စွာနီးကပ်လျက်ရှိနေပြီဖြစ်သောကြောင့် သွာတိနက္ခတ်အား ဇွန်လပိုင်းတွင် ပို၍တွေ့မြင်ရမည်ဖြစ်ကြောင်းနှင့် လကွယ်ရက်နား နီးနေပြီဖြစ်သောကြောင့် လခြမ်းမှာလည်း နံနက်ခင်းပိုင်းမှ ထွက်ပေါ်လာကြောင်း သိရသည်။

**သတင်း (ပွင့်သစ္စာ)**

**ဓာတ်ပုံ - Astronomy Now**

# လွတ်လပ်ရေးနေ့ဂုဏ်ပြု သုတရသ စာအုပ်သစ်များ မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးစာကြည့်တိုက်ခန်းမတွင် ဇန်နဝါရီ ၄ ရက်က (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြု၍ သုတရသ စာအုပ်သစ်များ မိတ်ဆက်ပွဲနှင့် စာအုပ်ပြပွဲကို ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၈၀ ကျော် လာရောက်ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**သိမ်းစိုး(ပြန်/ဆက်)**

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးဝင်းရွှေ |
| စာတည်းမှူးများ | - | ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်းသတင်းထောက်များ | - | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း |
| အငယ်တန်းသတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင် |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ညစာစားပွဲသို့တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ညစာစားပွဲသို့တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က တည်ခင်းဧည့်ခံသည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ ဦးကျော်တင်နှင့် ၎င်းတို့၏ ဇနီးများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ည ၇ နာရီတွင် အခမ်းအနားကျင်းပသည့် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး ညစာစားပွဲသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး ဒေါ်သိန်းယဉ်ချော၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီး များနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၏ မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များသည် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၄**

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဂုဏ်ပြုတပ်ဖွဲ့က လွှင့်တင်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် နံနက် ၇ နာရီတွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ကျင်းပရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စစ်ကြောင်းမှ စစ်ကြောင်းချီတက်ပြီးစစ်ရေးပြမှူးက ဦးဆောင်ကာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား အလေးပြုကြသည်။

**နိုင်ငံတော်အလံအား အလေးပြု**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျောက်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်



အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများက နိုင်ငံတော်အလံအားအလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားသည်။

ယင်းနောက် အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းမှ တီးမှုတ်သရုပ်ပြသကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ဆက်လက်၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စံပြမိခင်ဆုနှင့်ကလေးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်၊ လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ဝင်းမူနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လွန်ဆွဲပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာအမျိုးသားလွန်ဆွဲပွဲတွင် ပထမဆုရရှိသော ရဲတပ်ရင်း ၁၂ အသင်း၊ ဒုတိယဆုရရှိသော ရဲတပ်ရင်း ၃၆ အသင်းနှင့် ပူးတွဲတတိယဆုရရှိသော မီးသတ်တပ်ဖွဲ့အသင်းနှင့် ဆည်မြောင်းဦးစီးဌာနအသင်းတို့ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်ပြီး အမျိုးသမီးလွန်ဆွဲပွဲတွင် ပထမဆုရရှိသော ပြည်နယ်ရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရရှိသောရဲတပ်ရင်း ၃၆ အသင်းနှင့် ပူးတွဲတတိယဆုရရှိသော ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ)အသင်းနှင့် စည်ပင်သာယာရေးအဖွဲ့အသင်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆုရရှိသော အသင်းများကို ဂုဏ်ပြုဆုငွေများဆက်လက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❂ **ရှေ့ဖုံးမှ**

တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဘွဲ့တံဆိပ်ရရှိကြသူများ၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ ယနေ့အခမ်းအနားသို့ ကြွရောက်လာကြသည့် ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေဟု ဦးစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း။

**မဆုတ်မနစ် ကြိုးစား**

မိမိတို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်းနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်ကြသည့် သမိုင်းကြောင်းအစဉ်အလာကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ သို့သော် ၁၉ ရာစုတွင် မိမိတို့နိုင်ငံထက် အဆမတန်အင်အားကြီးမားသည့် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့လက်အောက်ကို ကျရောက်ခဲ့ရပါကြောင်း၊ ဆုံးရှုံးသွားသည့်လွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မျိုးချစ်ခေါင်းဆောင်ကြီးများ၊ မိမိတို့၏ မိဘ၊ ဘိုးဘွားများ အသက်၊ သွေးချွေးဖြင့် ရင်းနှီးပြီး မဆုတ်မနစ် ကြိုးစားခဲ့ကြခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ပြန်လည်ရရှိခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံး ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိ၊ ဗျတ္တိ အပြည့်ဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြ၍ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းလည်းဖြစ်ပါကြောင်း၊ မိမိတို့ မျိုးချစ်ခေါင်းဆောင်ကြီးများနှင့် မိဘဘိုးဘွားများ၏ အသက်၊ သွေးချွေးမြောက်မြားစွာစတေးပြီး အလွန်တရာ ခက်ခဲပင်ပန်းစွာ ကြိုးပမ်းအားထုတ်ပြီးမှ ရရှိခဲ့သည့်လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့စေရန်နှင့် ပြည်ထောင်စုကြီးမပြိုကွဲစေရန် ဆက်လက်ထိန်းသိမ်းရမည်မှာ မိမိတို့သားစဉ်မြေးဆက်တာဝန်ပင်ဖြစ်ပါကြောင်း။

**သွေးစည်းညီညွတ်**

မျိုးချစ်ခေါင်းဆောင်ကြီးများနှင့် ဘိုးဘေးဘီဘင်များ၏ စွန့်လွှတ်စွန့်စား အားထုတ်ကြိုးပမ်းရယူခဲ့ကြသည့် မြန်မာ့လွတ်လပ်ရေး အစဉ်ထာဝရ တည်တံ့စေရေးအတွက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို အလေးအနက်ခံယူပြီး တိုင်းရင်းသားများအားလုံး ဥမကွဲသိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် တစ်ပြိုင်တည်းမှာပင် အမိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်တာဝန်သည် မိမိတို့နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရန် ရည်မှန်းချက်ထားပြီး ဘက်စုံ၊ ထောင့်စုံမှ တည်ဆောက်နေသည့် အချိန်အခါတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး တာဝန်များတွင် မဆုတ်မနစ်သော ဇွဲ လုံ့လ၊ ဝီရိယ ကြီးမားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ မိမိတို့၏ အသက်၊ ခန္ဓာ၊ ကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ ရဲဝံ့စွန့်စားစွာ ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များကို နေ့ထူးနေ့မြတ်ဖြစ်သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အများထက် စွန့်လွှတ်စွန့်စား ထူးကဲသာလွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း။

**ပေးအပ်ချီးမြှင့်**

နိုင်ငံတော်အတွက် မိမိတို့၏ အသက်နှင့် ခန္ဓာကိုယ်ကို ပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့် စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသော ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့၏ ထောက်ခံတင်ပြချက်အရ နိုင်ငံတော်အစိုးရက ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့်အခမ်းအနား ကျင်းပပြုလုပ်ပြီး သူရဘွဲ့ရရှိသူနှစ်ဦးကို ဂုဏ်ယူစွာဖြင့် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း။

ယခုဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခံရသူများသည် ဖြတ်သန်းခဲ့ရသော ခက်ခဲကြမ်းတမ်းသည့်ဘဝတွင် ပေးအပ်လာသည့်တာဝန်များကို စွမ်းရည်သတ္တိပြည့်ဝစွာ စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် ထမ်းဆောင်ခဲ့ကြသည့်သူများဖြစ်ပါကြောင်း၊ ၎င်းတို့၏ စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံရသည့် သင်္ကေတအမှတ်အသားတစ်ခုဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင်ကိုယ်ကျတက်ရောက်ခြင်း မပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား လေးစားဂုဏ်ယူပါကြောင်းကိုလည်း အလေးအနက် ပြောကြားလိုပါကြောင်း။

**တိုက်တွန်းမှာကြား**

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မိမိတို့၏ ဘဝတစ်သက်တာတွင် နိုင်ငံတော်ကြီးကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် အတူတကွလက်တွဲ၍ စုပေါင်းအင်အားဖြင့် စံနမူနာပြ ဆက်လက်ကြိုးပမ်းထမ်းရွက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၈ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းသော တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ အမှတ်(၃၅)ခြေလျင်တပ်ရင်းမှ ကြည်း - ၃၂၇၆၀ ဒုတိယဗိုလ်မှူးကြီး လှထူး(ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သူဇာမိုးနှင့် အမှတ်(၁၁)ခြေလျင်တပ်ရင်းမှ ကြည်း - ၃၄၀၂၂ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ဦး(ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ချိုချိုအောင်တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သူရဘွဲ့ရရှိကြသူများ၏ မိသားစုဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **သတင်းစဉ်**

# သူရဘွဲ့ရရှိသူများကိုယ်စား လက်ခံရယူသည့် မိသားစုဝင်များ၏ ဂုဏ်ယူစကားသံများ

ယနေ့ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ရရှိသူနှစ်ဦးကို ဂုဏ်ထူးဆောင်ဘွဲ့(သူရဘွဲ့) ချီးမြှင့်အပ်နှင်းခဲ့ရာ အဆိုပါသူရဘွဲ့ရရှိသူများကိုယ်စား လက်ခံရယူသည့် မိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါသည် -

**ဒေါ်သူဇာမိုး [ဒုတိယဗိုလ်မှူးကြီး သူရလှထူး(ကျဆုံး)၏ဇနီး]**

ကျွန်မက မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှာ အလယ်တန်းပြဆရာမတာဝန် ထမ်းဆောင်နေပါတယ်။ အခုအခမ်းအနားမှာ ကျွန်မရဲ့ခင်ပွန်းသည် ဒုတိယဗိုလ်မှူးကြီး သူရလှထူးကိုယ်စား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို တက်ရောက်လက်ခံရယူတာ ဖြစ်ပါတယ်။ နိုင်ငံတော်က အခုလို အခမ်းအနားနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်နဲ့တပ်မတော်အတွက် အသက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားတဲ့ ကျွန်မခင်ပွန်းရဲ့ကိုယ်စား ကျွန်မအနေနဲ့ ဂုဏ်ယူမိပါတယ်။

ဒီဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ကျွန်မခင်ပွန်း သက်ရှိထင်ရှားရှိနေပြီး အခမ်းအနားစင်မြင့်ထက်မှာ သူကိုယ်တိုင်တက်ရောက်လက်ခံနေတာကို ကျွန်မအနေနဲ့ စင်အောက်ကနေ မိသားစုတစ်ယောက်၊ ပရိသတ်တစ်ယောက်အနေနဲ့ ကြည့်ရမယ်ဆိုရင် ကျွန်မပိုပြီးဝမ်းမြောက်ဂုဏ်ယူမိမှာပါ။ နိုင်ငံတော်နဲ့ပြည်သူအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း မိမိတို့ရဲ့ ခန္ဓာကိုယ်နဲ့အသက်ကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံတာဝန်ထမ်းပြီး အသက်ပေးသွားတဲ့ တပ်မတော်သားတွေရဲ့ မိသားစုဝင်တစ်ယောက်အနေနဲ့လည်း ဂုဏ်ယူမိပါတယ်။



ဒေါ်သူဇာမိုး



ဒေါ်ချိုချိုအောင်

ကျွန်မတို့အမိနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်သားတွေသာမဟုတ်ဘဲ ကျွန်မတို့နိုင်ငံသူ နိုင်ငံသားတွေအားလုံးမှာ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။

နိုင်ငံတော်နဲ့တိုင်းပြည်အတွက် အသက်ပေးသွားတဲ့ တပ်မတော်သားတွေကို ပြည်သူတစ်ယောက်အနေနဲ့ပြောရရင် အများကြီးဂုဏ်ယူမိပါတယ်။ ကျွန်မက ဒီလိုအသက်ပေးသွားတဲ့ တပ်မတော်သားတစ်ဦးရဲ့ ဇနီးသည်တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ခင်ပွန်းသည် မရှိတဲ့အတွက် အားငယ်မိပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ခင်ပွန်းဟာ ကိုယ့်နိုင်ငံနဲ့ကိုယ့်လူမျိုး ထာဝရငြိမ်းချမ်းရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သွားတာ ဖြစ်တဲ့အတွက်ကြောင့် သူရဲကောင်းရဲ့ ဇနီးတစ်ယောက်အနေနဲ့ ကျွန်မအများကြီးဂုဏ်ယူမိပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်ချိုချိုအောင် [ဒုတိယဗိုလ်မှူးကြီး သူရသန့်ဇင်ဦး(ကျဆုံး)၏ဇနီး]**

နိုင်ငံတော်ကချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ဘွဲ့ကို ကျွန်မရဲ့ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး သူရသန့်ဇင်ဦးကိုယ်စား တက်ရောက်လက်ခံခြင်းဖြစ်ပါတယ်။ နိုင်ငံတော်နဲ့တပ်မတော်အတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ရင်း အသက်ပေးသွားခဲ့တဲ့ ကျွန်မခင်ပွန်းကို နိုင်ငံတော်က အခုလို အခမ်းအနားနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် ကျေးဇူးတင်ဂုဏ်ယူမိပါတယ်။

ဒီဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ဟာ နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်သွားတဲ့အတွက် နိုင်ငံတော်က ထိုက်တန်စွာနဲ့ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်လို့မြင်ပါတယ်။

နိုင်ငံတော်နဲ့တပ်မတော်အတွက် အထွတ်အမြတ်ထားရတဲ့ ဒီလို လွတ်လပ်ရေးနေ့ အခါသမယမှာ ကျွန်မရဲ့ခင်ပွန်းက နိုင်ငံတော်ကချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိတဲ့အတွက် ကျွန်မခင်ပွန်းကိုယ်စား ဂုဏ်ယူပါတယ်။ တပ်မတော်သားတစ်ဦးရဲ့ ဇနီးဖြစ်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ အခုလိုချီးမြှင့်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

တပ်မတော်သားတွေဟာ အသက်ကိုပဓာနမထားဘဲ မိဘဆွေမျိုးတွေနဲ့ ဝေးကွာပြီး တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားတဲ့သူတွေ၊ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တွေဖြစ်တယ်လို့ ခံစားမှတ်ယူပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေတဲ့ တပ်မတော်သားတွေကို အမြတမ်းလေးစားဂုဏ်ယူလျက်ပါ။

နိုင်ငံတော်နဲ့ပြည်သူအတွက် ကာကွယ်ရေးတာဝန်တွေ ထမ်းဆောင်ကြတဲ့အခါမှာ မိမိရဲ့အသက်နဲ့ခန္ဓာကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ရင်း အသက်ပေးသွားတဲ့ တပ်မတော်သားတွေကို မိသားစုဝင်တစ်ယောက်အနေနဲ့ အမြဲလေးစားဂုဏ်ယူနေမှာပါ။

**တွေ့ဆုံမေးမြန်း - မျိုးသူ၊ လူမော်၊ ဓာတ်ပုံ - ကျော်ရဲဆွေ(သတင်းစဉ်)**





(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖတ်ကြားစဉ်။

**❋ (၇၁)နှစ်မြောက်မှ**

ဆောင်ရွက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေးဟူသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

**နိုင်ငံတော်အလံကိုလွှင့်တင်**

ရှေးဦးစွာနံနက် ၄ နာရီမိနစ် ၂၀ တွင်၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

နံနက် ၆ နာရီတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှအရာရှိ၊ စစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သတ်မှတ်စုရပ်အသီးသီးမှ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

**ချီတက်နေရာယူ**

နံနက် ၆ နာရီ ၄၅ မိနစ်တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကိုကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက်(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အလေးပြုခံစင်မြင့်သို့ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

**သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆို**

ယင်းနောက် ဒုတိယသမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအားအလေးပြု၍ သစ္စာလေးချက်ကိုသံပြိုင်ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**





(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဖတ်ကြားစဉ်။

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် နံနက် ၄ နာရီ ၂၅ မိနစ်တွင် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာသူများနှင့်အတူ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကြသည်။

ထို့နောက် ဂုဏ်ပြုတပ်ဖွဲ့က သစ္စာလေးချက်ကို အဓိဋ္ဌာန်ပြုရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားပြီး ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့် တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ ခရိုင်၊ မြို့နယ်များမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ- သန့်ဇင်ဝင်း၊ ဇော်မင်းလတ်**

**■ အမျိုးသမီးပြိုင်ပွဲမှ**

မလေးရှား၊ စင်ကာပူအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံနှင့် ပွဲစဉ်ဇယားကို ထုတ်ပြန်ခြင်း မရှိသေးဘဲ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ပွဲစဉ်များကို ဆက်တိုက်ကစားရဖွယ်ရှိနေသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ဒုတိယအဆင့်တွင် ခြေစွမ်းပိုင်းပိုကောင်းသည့်အသင်းများနှင့် ကစားရမည်ဖြစ်သောကြောင့် အချိန်ယူပြင်ဆင်နေခြင်းဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ပထမအဆင့်ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ကစားသမားများကိုအခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ယခုလအတွင်း ပြည်တွင်းခြေစမ်းပွဲများ စတင်ကစားမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

**❍ အချိန်အခါမဟုတ်မှ**

အပူပိုင်းမုန်တိုင်း၏အရှိန်ကြောင့် ယနေ့မွန်းလွဲမှနောက် ၇၂ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီ လျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မုန်တိုင်း၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)၌ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၄**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)၌ ကျင်းပသည်။

**အလေးပြု**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ကျဆုံးလေပြီးသော လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီအရေးတော်ပုံအဆင့်ဆင့်တွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ ကျောင်းသားပြည်သူအပေါင်းအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့်ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

သဘာပတိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့်က "ယခုအချိန်ဟာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း လွတ်လပ်ရေးနဲ့ထိုက်တန်တဲ့ ကိုယ်ကျင့်တရားနဲ့စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများ ဖွံ့ဖြိုးသန်စွမ်းအောင် လုံးပန်းနေတဲ့ကာလဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ဘဝ ရှင်သန်ငြိမ်းချမ်းစွာနေထိုင်ခွင့်၊ လွတ်လပ်ခွင့်နဲ့ ပျော်ရွှင်မှုရှာဖွေခွင့်တို့ တိုးတက်ခိုင်မာလာအောင် ရုန်းကန်နေတဲ့ကာလလည်း ဖြစ်ပါတယ်။

**ကြိုးပမ်းကြပါစို့**

"ဒါကြောင့် ကျွန်တော်တို့ဟာ လွတ်လပ်ရေးရဲ့ပုံရိပ်ကို မြှင့်တင်စေပြီး လွတ်လပ်ရေး ဗိသုကာခေါင်းဆောင်တွေရဲ့ ရည်မှန်းချက်များကို သစ္စာရှိရှိ အကောင်အထည်ဖော်နိုင်ကြဖို့အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံတဲ့သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးကို မမှိတ်မသုန် ရုန်းကန်အားထုတ်ရင်း လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့လူမျိုးအဖြစ် ကြိုးပမ်းကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်"ဟုပြောကြားသည်။

ထို့နောက် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်သောကြေညာချက်ကို ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က ဖတ်ကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် ပေးပို့လာသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဝဏ်လွှာနှင့် နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များက ပေးပို့သော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ သဘာပတိ အဖွဲ့ဝင် ဦးအုန်းကြိုင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ ကစားနည်းများနှင့် အားကစားပြိုင်ပွဲများ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၄**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများ၊ ပျော်ရွှင်ဖွယ်ရာ ကစားနည်းများနှင့် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအသီးသီးရှိ ရပ်ကွက်များ၌ စည်ကား သိုက်မြိုက်စွာကျင်းပသည်။

ယနေ့သည်မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် အမြတ်တနိုးတန်ဖိုးထားကြသည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရပ်ကွက်အသီးသီးတွင် ပျော်ပွဲရွှင်ပွဲများ၊ ပျော်ရွှင်စရာကစားနည်းများ၊ အထိမ်းအမှတ်အခမ်းအနားများနှင့် အားကစားပြိုင်ပွဲများကို ကျင်းပကြသည့်အပြင် စတုဒိသာအလှူများကိုလည်း ရန်ကုန်မြို့ရှိရပ်ကွက်များ၌ ပြုလုပ်ကြသည်ကို တွေ့ရသည်။

ထိုသို့ကျင်းပရာတွင် ပျော်ရွှင်စရာကစားနည်းများအဖြစ် လက်ဆင့်ကမ်းပြေးပွဲ၊ မုန့်စား၊ ပူဖောင်းဖောက်၊ အပြေး၊ ဂုန်နီအိတ်စွပ်၊ အာလူးကောက်၊ ဆန်ကောရွက်၊ အပ်ချည်ကြိုးထိုး၊ အုန်းသီးလု၊ ဖယောင်းတိုင်မီးထွန်း၊ ကုန်းပိုး၊ သံပုံးရိုက်၊ အုန်းသီးရိုက်၊ ထုပ်ဆီးတိုး၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်နှင့် ဘောလုံးပြိုင်ပွဲများ ပါဝင်ကြောင်း သိရသည်။

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများကို ပိုမိုသိရှိစေရန်၊ လွတ်လပ်ရေးနေ့ သမိုင်းကြောင်းနှင့် တန်ဖိုးကိုသိရှိပြီး အမြတ်တနိုးတန်ဖိုးထားတတ်စေရန်၊ စည်းလုံးညီညွတ်မှုနှင့် အားကစားစိတ်ဓာတ်များ ပိုမိုအားကောင်းလာစေရန်၊ တိမ်မြုပ်လုနီးပါးဖြစ်နေသော မြန်မာ့ရိုးရာကစားနည်းများ ပြန်လည်ထွန်းကားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် လွတ်လပ်ရေးနေ့တွင် ပျော်ပွဲရွှင်ပွဲများနှင့် ကစားနည်းများ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ လွတ်လပ်ရေးနေ့တွင် ပျော်ပွဲရွှင်ပွဲများဖြင့်စည်ကား

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်သည့် အများပြည်သူများ ပျော်ရွှင်စေရန် ဇန်နဝါရီ ၄ ရက်က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပသည်။**(အောက်ပုံ)**

ယနေ့ လွတ်လပ်ရေးနေ့တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ အုန်းသီးလုပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက် ပြိုင်ပွဲစသည့် ပျော်ရွှင်ဖွယ်ရာ ကစားနည်းများအပြင် အခြားသော ပျော်ရွှင်ဖွယ်ရာ ကစားနည်းများ ထည့်သွင်းကျင်းပခဲ့ပြီး အမှတ်တရလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သီသီမင်း**





**နေပြည်တော် တပ်ကုန်းမြို့ပေါ် (၆)ရပ်ကွက်တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပစဉ်။** တင်ထွန်းတာ(တပ်ကုန်း)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အရှေ့ဒဂုံစက်မှုဇုန်ရှိ ထွန်းရွှေဝါတိုင်းရင်းဆေးမိသားစုက ဇန်နဝါရီ ၄ ရက်တွင် အားကစားပြိုင်ပွဲများ၊ ဂိမ်းကစားနည်းများ၊ အဆို၊ အက၊ တေးသရုပ်ဖော်များဖြင့် ပျော်ရွှင်စွာ ကျင်းပစဉ်။ **အောင်ထွန်း**



**ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက်၌ ကလေးငယ်များ ဆန်ကောရွက်ပြိုင်ပွဲ ဝင်နေကြစဉ်။** ရွှေတိုင်ဘိုတောက်



**(၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် ရေတာရှည်လမ်းဟောင်းတွင် ကျင်းပစဉ်။** မောင်ယဉ်ကျေး

# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

**၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။**

*(ယမန်နေ့မှအဆက်)*

## ဂျပန်နိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှုတ်ခွန်းဆက်သပါသည်။

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများအပါအဝင် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးချဲ့နိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် ဆက်လက်ကူညီထောက်ပံ့သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည် ဖြစ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးမှလည်း (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူများကိုယ်စား လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။

ပြီးခဲ့သော အောက်တိုဘာလအတွင်း ဂျပန်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ အဆွေတော် တက်ရောက်ခဲ့စဉ် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရန်တို့အတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့ပါသည်။ အဆွေတော်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများအတွက် ဂျပန်နိုင်ငံ၏ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ အတူလက်တွဲဆောင်ရွက်ကာ အကူအညီများ အပြည့်အဝ ဆက်လက်ပေးအပ်သွားမည် ဖြစ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## စင်ကာပူသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မဒမ် ဟာလီမာရာကော့ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် စင်ကာပူပြည်သူများကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားအပ်ပါသည်။

စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပြည်သူအချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် နယ်ပယ်ကဏ္ဍစုံနည်းပညာ ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် ထူးခြားကောင်းမွန်သော ဆက်ဆံရေးကို ပိုင်ဆိုင်ထားပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း စင်ကာပူနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌ တာဝန်ယူခဲ့စဉ် မြန်မာနိုင်ငံ၏ အားပေးထောက်ခံမှုများအတွက် ကျေးဇူးတင်ရှိပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြား ကဏ္ဍစုံဆက်ဆံရေးကို မြှင့်တင်သွားရန်နှင့် အာဆီယံအဖွဲ့ကြီးတွင်လည်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရန် အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့်ဇနီးဖြစ်သူတို့ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာ၍ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် လီရှန်လုံးထံမှလည်း (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားအပ်ပါသည်။

စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နွေးထွေးသည့် ဆက်ဆံရေးကို ကာလရှည်ကြာ မျှဝေခံစားလျက်ရှိကြပါသည်။ နှစ်နိုင်ငံအကြားကုန်သွယ်ရေး၊ ငွေကြေးကဏ္ဍ၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍစသည်တို့တွင် ထူးကဲကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိထားပါသည်။ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု စာချုပ်ကိုချုပ်ဆိုရန်နှင့် အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေး သဘောတူစာချုပ်ကို ပြန်လည်ပြင်ဆင်ချုပ်ဆိုနိုင်ရန် မျှော်လင့်ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း စင်ကာပူနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ် မြန်မာနိုင်ငံမှ အခိုင်အမာထောက်ခံပေးခဲ့မှုအတွက် ကျေးဇူးတင်ရှိပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်၍ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အာရစ် အယ်လ်ဗီထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်အား နှုတ်ခွန်းဆက်သအပ်ပါသည်။

ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ချစ်ခင်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်ဆက်ဆံလျက်ရှိကြပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ရှိနှင့်ပြီးဖြစ်သော ဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရန် ဆောင်ရွက်သွားကြမည်ဟု မျှော်လင့်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံသားအားလုံး၏ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် ဆက်လက်ဖော်ဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

## တောင်အာဖရိကသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တောင်အာဖရိက သမ္မတနိုင်ငံ သမ္မတ မာတာမလာစီရင်(လ်)ရာမာဖိုဆာထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာအစိုးရနှင့် ပြည်သူများထံသို့ မိမိနှင့်တကွ တောင်အာဖရိကသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများမှ နွေးထွေးပျူငှာရင်းနှီးစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်းကို ဖော်ပြလိုပါသည်။

မိမိအနေဖြင့် အခွင့်အခါကြုံခိုက် အဆွေတော်ကျန်းမာပါစေရန်နှင့် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော အထူးခင်မင်ရင်းနှီးသည့် ဆက်ဆံရေးအား ပိုမိုတည်တံ့ခိုင်မြဲအောင် ကြိုးပမ်းသွားလိုသည့် ဆန္ဒရှိကြောင်းကို ထပ်လောင်းအတည်ပြုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါသည်။

## မော်ရိုကိုနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက် ဘုရင် မိုဟာမက်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံပြည်သူများ၏ လူမှုဘဝပိုမိုတိုးတက်သာယာပါစေကြောင်း ဆုတောင်းမေတ္တာပို့သခွင့်ရသဖြင့် မိမိအလွန်ဝမ်းမြောက်မိပါသည်။

နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားများကို ဖော်ဆောင်ပေးရန်နှင့် မတူကွဲပြားသည့် ယဉ်ကျေးမှုများနှင့် လူ့အဖွဲ့အစည်းများအကြား အတူယှဉ်တွဲနေထိုင်မှုနှင့် နားလည်မှုတို့ကို တိုးမြှင့်ရန်အတွက် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်ခိုင်မာအောင် ဆောင်ရွက်ရန် မော်ရိုကိုနိုင်ငံက စိတ်အားထက်သန်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## အီတလီသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အီတလီသမ္မတနိုင်ငံ သမ္မတ ဆာဂျီရို မတ်တာရီလာထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေရန် အဆွေတော်ထံသို့ အီတလီသမ္မတနိုင်ငံ ပြည်သူများကိုယ်စား မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုသည် နှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဒေသတွင်းမျက်နှာစာတို့၌ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပြီး အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ကမ္ဘောဒီးယားနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ်ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံပြည်သူများအကြားတွင် နီးကပ်စွာ ထိတွေ့ဆက်ဆံလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အဆိုပါရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် နှစ်နိုင်ငံအကြားသာမက ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးအတွက် ပိုမိုတိုးတက်ခိုင်မာလာစေရန် လုပ်ဆောင်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံဆက်လက်ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်ပင်သာယာဝပြောမှုတို့အတွက် မြန်မာပြည်သူ ပြည်သားများအပေါ် ဦးဆောင်မှုပေးရာတွင် အောင်မြင်မှုများရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ကိုရီးယားသမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာမွန်ဂျေအင်းမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအားလုံးထံသို့ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နှစ်ပေါင်းများစွာကတည်းကပင် မိမိတို့နှစ်နိုင်ငံသည် နယ်ပယ်မျိုးစုံတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်၍ ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးရှိခဲ့ပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံအကြား အနာဂတ်တွင် ပိုမိုခိုင်မြဲပြီး နီးကပ်သောဆက်ဆံရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန်လည်း မျှော်လင့်ပါသည်။ ထို့ပြင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုဖြင့် လုပ်ငန်းကိစ္စများတွင် ပိုမိုလုပ်ဆောင်သွားနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။ အထူးသဖြင့် ၂၀၁၉ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အာဆီယံ-ကိုရီးယားအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ကိုရီးယား-မဲခေါင်ထိပ်သီးအစည်းအဝေးတွင် အဆွေတော်နှင့် တွေ့ဆုံရန်လည်း မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် အဆွေတော်၏ ကြိုးပမ်းအားထုတ်မှုများအတွက် ဆက်လက်၍ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

***(ဆက်လက်ဖော်ပြပါမည်)***

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၇)၌ ဖော်ပြထားသည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် နိုင်ငံ့ခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ သတင်းတွင် အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ **အစား** အမေရိကန်ပြည်ထောင်စုနိုင်ငံဟု ပြင်ဆင်ဖတ်ရှုပါရန်။

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

(ယမန်နေ့မှအဆက်)

**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁၉။ ဘဒ္ဒန္တဝိမလ၊ ဝဲကြီးကျောင်းတိုက်၊ ဝဲကြီးကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တနန္ဒာလင်္ကာရ၊ မြို့မရေလည်ကျောင်းတိုက်၊ (၁၁)ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တကေသရ၊ သာသနာ-၂၅၀၀ကျောင်းတိုက်၊ ရပ်ကွက်(၁)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တသောဘိတ၊ နတ်ရေကန်သောဘိတာရာမပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၂၃။ ဘဒ္ဒန္တကောဏ္ဍည၊ နယ်စပ်သာသနာပြုပါရမီကျောင်းတိုက်၊ ဘူတာလမ်း၊ ရပ်ကွက်(၁)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၂၄။ ဒေါက်တာဘဒ္ဒန္တမဟောသဓာလင်္ကာရာဘိဝံသ၊ ဂန္ထဝိပဿနာသာသနာလင်္ကာရကျောင်းတိုက်၊ အမှတ်(၁၀)၊ ကုန်းသာယာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၅။ Ven. SHI CHEN HUA ၊ လျို့ကျာပေါင်းဟွာကျောင်းတိုက်၊ ကွမ်းတုမြို့နယ်၊ ကူမင်းမြို့၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂၆။ ဘဒ္ဒန္တကာရုည၊ သီတဂူသံဃဝိဟာရကျောင်းတိုက်၊ ဝက်စ်ပန်းဘိချ်မြို့၊ ဖလော်ရီဒါပြည်နယ်၊ အမေရိကန်နိုင်ငံ

၂၇။ ဒေါက်တာဘဒ္ဒန္တနန္ဒောဘာသ၊ ဗောဓိသုခပရဟိတမြန်မာကျောင်းတိုက်၊ ကော်လ်ကတ္တားမြို့၊ အနောက်ဘင်္ဂလားပြည်နယ်၊ အိန္ဒိယနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၂၈။ ဒေါ်ဣန္ဒသိင်္ဂီ၊ အမှတ်(၂၅) ရတနာသိင်္ဂီပရဟိတသီလရှင်သင်ပညာရေးကျောင်း၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ဒေါ်ဓမ္မသိင်္ဂီ၊ ဓမ္မဝါဒီသီလရှင်စာသင်တိုက်၊ ပိတောက်(၂)လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ဒေါ်သီရိစန္ဒာ၊ သန္တိသုခသီလရှင်စာသင်တိုက်၊ သီရိရတနာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**လှူပုဂ္ဂိုလ်များ**

၃၁။ ဦးမြင့်စိုး၊ အမှတ်(၈)၊ ဘုရင့်နောင်(၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ဦးစံသင်းလှိုင်၊ အမှတ် ၅၀(က)၊ စင်ရော်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ဒေါက်တာလှဝင်းအောင်၊ အမှတ်(၆၉)၊ အခန်း(၅၀၇)၊ ယုဇနကွန်ဒိုတာဝါ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ဒေါ်သန်းစိန်(ခ)ဒေါ်နီ၊ အမှတ်(၁၅၄)၊ (၁၉)လမ်း(အပေါ်လမ်း)၊ (၄)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ဒေါ်ခင်သန္တာဦး၊ အမှတ်(၁၁၀)၊ သစ်ယာပင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တအဂ္ဂဝံသ၊ မတားကိုးမိုင်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အောင်မြေ(၂)ကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖန်ခိုင်(၂)ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တစန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရေနီပေါက်ကျေးရွာ၊ ဘောလခဲမြို့နယ်၊ ကယားပြည်နယ်

၄။ ဘဒ္ဒန္တစန္ဒသိရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မထောခူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၅။ ဘဒ္ဒန္တသုန္ဒရ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဒေါ်ဘိုးစီကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၆။ ဘဒ္ဒန္တသီလာစာရ၊ မြို့တော်ဦးထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သံတောင်မြို့၊ သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၇။ ဘဒ္ဒန္တတေဇိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စွန်တောင်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၈။ ဘဒ္ဒန္တဝိလာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဗားလုံကျေးရွာ၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်

၉။ ဘဒ္ဒန္တအဂ္ဂဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖနိုင်ကျေးရွာ၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်

၁၀။ ဘဒ္ဒန္တဝိစိတ္တရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ပေါမိုင်းရပ်ကွက်၊ ခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တကေသဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စံပြကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တကေသရမာလာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆပွလော်ရှောင်ကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တပညာစက္က၊ မဟာသိဒ္ဓိအောင်စာသင်တိုက်၊ ပါရမီ(၂)ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၁၄။ ဒေါက်တာဘဒ္ဒန္တဝါယမ၊ မဟာဝိသုတာရာမတံခွန်တိုင်ကျောင်းတိုက်၊ ရန်အောင်(၁) ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၅။ ဘဒ္ဒန္တကုဏ္ဍလ၊ ကြေးနီကန်ကျောင်းတိုက်၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တအာဒိစ္စ၊ အောင်မြေရတနာကျောင်းတိုက်၊ ရိပ်သာလမ်းမကြီး၊ (၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တဝိသုတသာရ၊ ရွှေဘုံသာကျောင်းတိုက်၊ ဈေးရပ်ကွက်၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဝိမလ၊ ရွှေစံကိုင်ကျောင်းတိုက်၊ ရွှေစံကိုင်ရပ်၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တကုန္ဒက၊ သာသနာ့ဇောတိကအုဋ္ဌကျောင်း၊ ချမ်းသာကြီးမြောက်တိုက်၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တသီလဝန္တ၊ အောင်တော်မူကျောင်းတိုက်၊ ရှမ်းစုရပ်၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၂၁။ ဘဒ္ဒန္တယသိန္ဒ၊ သာသနာရာမကျောင်းတိုက်၊ တောင်ပြိုလက်ဝဲမြို့၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်

၂၂။ ဘဒ္ဒန္တအရိယဝံသ၊ အဒွန်းမြို့မကျောင်းတိုက်၊ မင်းပိုင်းရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တသြဘာသ၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၊ အိမ်တော်ရာတိုက်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တနန္ဒမာလာ၊ ဓမ္မရောင်ခြည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ဗမာကံကုန်းကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တအဂ္ဂါစာရ၊ ပညာပါရမီဓမ္မရိပ်သာကျောင်းတိုက်၊ သရက်ခြံကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တမာဃိန္ဒ၊ ဝိဇ္ဇာရိယဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လွိုင်မြေရပ်ကွက်၊ မိုးနဲမြို့၊ ရှမ်းပြည်နယ်

၂၇။ ဘဒ္ဒန္တပညာသိရီ၊ ကောင်းမှုဆဲင်ပတ္တမြားစေတီကုန်းကျောင်း၊ ဇယန်းကြီးကျေးရွာ၊ နမ့်ဆန်မြို့နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၂၈။ ဘဒ္ဒန္တဝေပုလ္လ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆိုင်ခွန်ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၉။ ဘဒ္ဒန္တသုနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ (၈)ရပ်ကွက်၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်

၃၀။ ဘဒ္ဒန္တဥတ္တမသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကျောက်လိုဏ်ဂူကျေးရွာ၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်

၃၁။ ဘဒ္ဒန္တဇာဂရ၊ ပရိယတ္တိသဒ္ဓမ္မပါလဆိုင်မိန်းကျောင်း၊ (၃)ရပ်ကွက်၊ မိုင်းရယ်မြို့၊ ရှမ်းပြည်နယ်

၃၂။ ဘဒ္ဒန္တသြသဓ၊ အောင်သပြေဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ (၈)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တဝိသုဒ္ဓ၊ နဂါးရစ်တောင်ဓမ္မပါလတောရကျောင်း၊ ပန်းပုကွင်းကျေးရွာ၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၃၄။ Ven. Phramaha Khomsun Dhammasanno, Dhanmakaya Temple 23/2 Mu7, Khlong Sam, Khlong Laung District, Pathum Thani, 12120, Thailand.

၃၅။ ဘဒ္ဒန္တသုနန္ဒ၊ Dharmarajika Bouddha Mahavihar, Basabo, Sabujbagh, Dhaka-1214, Bangladesh.

**သီလရှင်ဆရာကြီးများ**

၃၆။ ဒေါ်ကဉ္စနထေရီ၊ ဓမ္မရက္ခိတသာသနာပြုသီလရှင်စာသင်တိုက်၊ (၃)ရပ်ကွက်၊ မြို့သစ်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

၃၇။ ဒေါ်သုပညာ၊ သုခဝတီသီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ မဟာဗောဓိလမ်း၊ ကနောင်စုရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**လှူပုဂ္ဂိုလ်များ**

၃၈။ ဒေါက်တာရဲအောင်၊ အမှတ်(၂၇/က)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၉။ ဒေါ်ပြုံး၊ အမှတ်(၁၈/ခ)၊ မြစံပယ်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၀။ ဒေါက်တာခင်ယုနွယ်၊ အမှတ်(၁၈)၊ မင်းလမ်း၊ စမ်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ဒေါ်ငွေရည်ဦး၊ အခန်း(၂)၊ တိုက်(ဘီ)၊ ကျိုက္ကဆံရဲအရာရှိကြီးများရိပ်သာ၊ မိုးကောင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၂။ ဦးကံဝင်း(ခ) ဦးကံဝင်းဟိဏ်း၊ ရန်ကင်းလမ်းသွယ်၊ သီရိမင်္ဂလာလမ်း၊ နယ်မြေ(၆)၊ ရပ်ကွက်(၇)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၄၃။ ဦးရွှေထွန်း၊ အမှတ်(၆)၊ (၁၀)လမ်း၊ (၉)ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံလှူပုဂ္ဂိုလ်များ**

၄၄။ Mr.Wannarat Buranasittiporn, 11/3 Mu 5, Khlong Khoi, Pakkret, Nonthabuti, 11120, Thailand.

၄၅။ Dr.Thomas Wong, 17 Bonnefin Road, Hunters Hill, NSW 2110, Australia.

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ မဟာလယ်တီစံကျောင်းတိုက်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၂။ ဘဒ္ဒန္တမာနိတ၊ ငှက်ပစ်တောင်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ မောင်းတိုင်(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တကုမာရ၊ အောင်တော်မူရိပ်သာကျောင်းတိုက်၊ ဘူတာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တကောသလ္လ၊ ဓမ္မမဥ္ဇူရီကျောင်း၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ၊ မိုးကုတ်ဝိပဿနာဇေတဝန်ရွှေကျောင်းတိုက်၊ စံပယ်လမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါက်တာဘဒ္ဒန္တစန္ဒသိရီ၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ မြင်တော်သာလမ်း၊ အမှတ်(၇)အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တကုန္ဒဝံသ၊ မဏိရတနာရုံမဟာစည်သာသနာ့ရိပ်သာ၊ ဝဲကြီးကူကျေးရွာ၊ အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တနန္ဒမာလာ၊ ကျိုက္ကမ္မမ်ဘုရားကြီးလိပ်ဥကုန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၊ (၁၈)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တတေဇာနန္ဒ၊ ရတနာ့ဂုဏ်ရည်ရိပ်သာ၊ ရွှေပေးကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဉာဏဗလ၊ သဒ္ဓမ္မမဥ္ဇီကျောင်းတိုက်၊ ပေါင်းတလည်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တပညာစက္က၊ စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းတိုက်၊ မြိုင်သာယာရှင်စောပုလမ်း၊ ဈေးကြိုနယ်မြေ၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၄။ ဘဒ္ဒန္တကုသရိယ၊ ပန်းလှိုင်မဟာစည်ရိပ်သာကျောင်းတိုက်၊ မဟာဂန္ဓာရုံလမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဘဒ္ဒန္တကုန္ဒက၊ သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက်၊ မြဝတီမင်းကြီး(၁)လမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဘဒ္ဒန္တမာလာစာရ၊ ညောင်ပင်သာကျောင်းတိုက်၊ မင်းစေတီလမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဒေဝိန္ဒ၊ စွန်းလွန်းဝိပဿနာရိပ်သာကျောင်းတိုက်၊ ရပ်ကွက်(၁၀)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၈။ ဘဒ္ဒန္တသောဓန၊ ကိုရီးယားမဟာစည်ရိပ်သာကျောင်း၊ အန်ညန်းမြို့၊ ဂယောင်ဂီပြည်နယ်၊ တောင်ကိုရီးယားနိုင်ငံ

စာမျက်နှာ ၉ သို့ ❁

❀ စာမျက်နှာ ၈ မှ

**ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး**

၉။ ဒေါ်ဒီပက်ရာထေရီ၊ ပြဟ္မဝိဟာရီကမ္မဋ္ဌာန်းရိပ်သာကျောင်း၊ ဆူဘန်းမြို့၊ အနောက်ဂျာဗားပြည်နယ်၊ အင်ဒိုနီးရှားနိုင်ငံ

**ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဇောတိက၊ မဟာစည်မိုးကောင်းရိပ်သာကျောင်းတိုက်၊ သေတ္တရာကျေးရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ မဟာစည်သာသနာ့ရိပ်သာ၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၃။ ဘဒ္ဒန္တကုသလ၊ ဆင်ဖြူရတနာဓမ္မရိပ်သာကျောင်းတိုက်၊ ဝမ်းဘဲအင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ စိန်မြရုံခြယ်လမ်း၊ (၁)ရပ်ကွက်၊ ပေါက်ခေါင်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဇောတိက၊ ရွှေလင်းပင်မဏိဇောတဓမ္မရိပ်သာကျောင်းတိုက်၊ ပြာသာဒ်ကြီးရပ်၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တဝိမလ၊ မူလကမ္ဘာအေးလေးကျောင်းတိုက်၊ အာဇာနည်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တလာဘမဥ္ဇူ၊ နိဗ္ဗိန္ဒကျောင်းတိုက်၊ ပုလဲလမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

၁။ ဦးနန္ဒ၊ အမှတ်(၁)၊ အနော်ရထာလမ်း၊ မြို့မရပ်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂။ ဦးတင်စိန်(ခ)ဦးနီနီ၊ အမှတ်(ခ/၂)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးကျော်ဝင်း၊ အမှတ်(I-2)၊ စံပယ်လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါက်တာသင်းသင်း၊ အမှတ်(၃-စီ)၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ဒေါ်စန်းစန်းနွဲ့၊ အမှတ်(၃၆/စီ)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ (၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဒေါ်ခိုင်ခိုင်ဦး၊ အမှတ်(၃၂-ဒီ)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဒေါ်နန်းသက်စုလှိုင်ထွန်း၊ အမှတ်(၂၀၉)၊ စံပယ်လမ်း၊ ကန်အောက်ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

**သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

၁။ ဦးသိန်းဟန်၊ အမှတ်(၅၂၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ဦးလှဌေး၊ အမှတ်(၃၂-ဘီ)၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ ပြည်လမ်း၊ (၇)မိုင်၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးမျိုးဆက်၊ အမှတ်(ဆ/၇၈)၊ ပိတောက်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဦးဝေလွင်၊ အမှတ်(၂၄၅)၊ ဇောတိကလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၅။ ဦးလီကျိန်းချန်(ခ)ဦးလျှိုအားပေါက်၊ အမှတ်(၃)၊ ကျင်းရွှေထန်လမ်း၊ ရပ်ကွက်(၂)၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

**သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်နော်ဖောဖော၊ အမှတ် (၁၃၁/ခ)၊ ဘုရင့်နောင်လမ်း၊ (၄) ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်

၂။ ဒေါ်စန်းစန်းဝေ(ခ)ဒေါ်စန်းဝေ၊ အမှတ်(၄၁)၊ (၇၃)လမ်း၊ ၂၇×၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်မြင့်မြင့်သန်း၊ အမှတ်(ဒ-၃/၅၅)၊ (၆၃)လမ်း၊ ၃၇×၃၈ လမ်းကြား၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ဌေးဌေးအောင်၊ အမှတ်(၄၁၄/က)၊ (၃၄)လမ်း၊ ၆၅×၆၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ဝင်းမြင့်၊ အမှတ်(၁၁၂၆)၊ ဇောတိက(၁)လမ်း၊ (၁၆/၄)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်လှယဉ်ဝင်း၊ အမှတ်(၄၅)၊ စိန်ရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါ်ဝေဝေမွန်၊ အမှတ်(၉၀)၊ အင်းယားလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါ်မာလာမြင့်၊ အမှတ်(၆၁-ဘီ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဒေါ်မိုးစိမ့်စိမ့်လင်း၊ အမှတ်(၃/စီ)၊ မေလိခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်သက်သက်နိုင်၊ အမှတ်(၃၉)၊ သီရိမင်္ဂလာလမ်းသွယ်(၆)လမ်း၊ ဗဟိုလမ်း၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်အိသန္တာဘို၊ အမှတ်(၄၃/၁)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်ဇေဇင်လတ်၊ အမှတ်(ဘီ-၂)၊ ထန်းဥယျာဉ်ရိပ်သာ၊ မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်သိင်္ဂီလင်း၊ အမှတ်(၄၁/ခ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

၁။ ဦးကျော်ဇေယျ၊ No.P.S.H.M (3)၊ တစ်ဧကအထူးမြေကွက်၊ ရာဇသင်္ဂဟလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၂။ ဦးခင်ဝင်း၊ အမှတ်(၁၁၃)၊ ကျိုက္ခမီလမ်းမကြီး၊ ဈေးကြိုဆန်တန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃။ ဦးချစ်ခိုင်၊ အမှတ်(၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဦးအောင်သန်းစိန်၊ အမှတ်(၃၉)၊ ဦးကြွယ်ဟိုးလမ်း၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဦးကျော်ဌေး၊ အမှတ်(၄)၊ ပါရမီလောကနတ်အိမ်ရာဝင်း၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဦးမျိုးညွန့်၊ အမှတ်(၄၀၁/၄၁၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဦးလှမြင့်၊ အမှတ်(၁၇၇/က)၊ ရန်ပြေ(၁၁)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဦးကိုကိုလေး၊ အမှတ်(၅)၊ အခန်း(၃၀၄)၊ နဝဒေးကွန်ဒို၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်နွဲ့နွဲ့၊ အမှတ်(ကက/၇၄၄)၊ (၇)ရပ်ကွက်၊ ကျီကုန်းရပ်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါ်အေးညို၊ အမှတ်(မ-၂၂)၊ (၄၃)လမ်း၊ (၆၆)လမ်း၊ မဟာမြိုင် (၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်အေးမော်စီ(ခ)ဒေါ်မော်စီ၊ အမှတ်(၁၁၂)၊ (၈၉)လမ်း၊ ၂၁×၂၂ လမ်းကြား၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်စံပယ်ကိုလေး၊ အမှတ်(၃၃၁)၊ (၈၃)လမ်း၊ ၃၁×၃၂ လမ်းကြား၊ အကွက်(၅၇၂)၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်သင်းသင်းခိုင်၊ ဘူတာမြောက်ရပ်၊ (၂)ရပ်ကွက်၊ မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်သင်းသင်းထွေး၊ အကွက်(၅၉၄)၊ ၈၀×၈၁ လမ်းကြား၊ ၂၈×၂၉ လမ်းကြား၊ ရွှေတော်ပြေးဝင်း၊ ချမ်းအေးသာစံအရှေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်ကြည်ကြည်နွဲ့ (ခ)ဒေါ်စုစုသန်း၊ အမှတ်(ကက-၇/၉)၊ (၅၃)လမ်း၊ သိပ္ပံလမ်းထောင့်၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဒေါ်ခင်စန်း၊ အမှတ်(၈၀/အေ)၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၉။ ဒေါ်ညွန့်ညွန့်၊ အမှတ်(၂၉၃/စီ)၊ ဝေဇယန္တာလမ်းနှင့်(၁၀)လမ်းထိပ်၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်လှကြည်(ခ)ဒေါ်ရီရီမြင့်၊ အမှတ်(၆၂/၆၈)၊ ရှိုင်းကွန်ဒို၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်ဝေဝေ၊ အမှတ်(၈၀-ပီ)၊ ကမ္ဘောဇလမ်းသွယ်(၁)၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်သန်းမြ၊ အမှတ်(၂၀-၂၁)၊ ပြည်သာယာအိမ်ရာ၊ မြိုင်မာလာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်သန်းသန်းဦး(ခ)မကြီး၊ အမှတ်(၃)၊ (၁)လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်မြနှင်းရီ(ခ)ဒေါ်မိုးမိုး၊ Bamboo Grove Villar 1၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်နန်းဝါ၊ အမှတ်(၅)၊ အောင်သုခလမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဒေါ်နှင်းမြတ်ထွေး၊ အမှတ်(၃)၊ ဦးထွန်းငြိမ်းလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဒေါ်ခိုင်ပြည့်စုံကြိုင်၊ အမှတ်(၃၆၂)၊ ယင်းမာမြိုင်လမ်းသွယ်(၂)၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဒေါ်ခင်ငြိမ်းဦး(ခ)ဒေါ်စနိုး၊ အမှတ်(၄၄)၊ (၁၁)လမ်း၊ ရှမ်းကုန်းပိုင်း၊ (၅)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၉။ ဒေါ်အေးအေးခင်၊ အမှတ်(၃၀၄)၊ (၇)ရပ်ကွက်၊ နောက်မီးကျေးရွာအရှေ့၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၂၀။ Mrs. Kim Hyang Bun, Room 1801, Wourldcup Ipark 105dong, Moracnaero 9 gil 6, Mapogu, Seoul, South Korea.

**သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

၁။ ဦးစိုးပြည့်စုံထွန်း၊ အမှတ်(၆၂)၊ မန်ကျည်းကုန်းလမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဦးမောင်စိုး၊ အင်တုံစုရပ်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဦးအောင်တိုး၊ အမှတ်(ဃ-၂၄)၊ အကွက်(၆၃၉)၊ ၃၄×၃၅ လမ်းကြား၊ ၇၈×၇၉ လမ်းကြား၊ ရွှေချည်ထိုးရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဦးမျိုးမင်းစိုး၊ အမှတ်(၃၀)၊ အကွက်(၅၂၀)၊ လမ်း(၄၀)၊ ၈၀×၈၁ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဦးဝင်း၊ အမှတ်(၆၈/၇၀)၊ တော်ဝင်လမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဦးအေးမင်း၊ အမှတ်(၅၇၂/က)၊ မာဃ(၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဦးကိုကိုဇော်(ခ) ဦးဇွဲရန်နိုင်၊ အမှတ်(၁၅၈)၊ နှင်းဆီဖြူလမ်း၊ (၃၀) ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဦးဖိုးရှင်း၊ ပြင်လဟာကျေးရွာ၊ မဘိမ်းမြို့နယ်၊ ရှမ်းပြည်နယ်

၉။ ဦးစိုင်းမောင်ထွန်း၊ အမှတ်(၁၈၅)၊ စယ်ဟိုင်းကျေးရွာ၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်

၁၀။ ဦးကျော်ခင်သိန်း၊ အမှတ်(၁၃)၊ (၇)လမ်း၊ (၄)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၁။ ဦးသန်းစိန်၊ အမှတ်(၁၃၀)၊ ၉×၁၀ ဦးစန္ဒာလမ်း၊ (၄)ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်ခင်ချို၊ အမှတ်(၃/၃၈)၊ သဇင်လမ်း၊ အောင်ဇေယျရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါ်စောစန္ဒာဆွေ၊ ကျောက္ကာလမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဒေါ်အေးအေးမြိုင်၊ အမှတ်(၅၀၂)၊ နန်းဦးသစ်လွင်ခြံ၊ ဓမ္မာရုံလမ်း၊ နန်းဦးလွင်ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်သင်းသင်းလင်း၊ အမှတ်(၅၁၆/ဘီ)၊ (၃၁)လမ်း၊ ၈၀×၈၁ လမ်းကြား၊ အောင်နန်းရိပ်သာအရှေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်သဲမဥ္ဇူမြင့်၊ အမှတ်(၇)၊ လမ်းမတော်လမ်း၊ ဝက်ကြီးအင်းရပ်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်စန်းစန်းရီ၊ အမှတ်(၂၉၀-ပီ)၊ ဦးဝိစာရလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါ်ခင်ထွေး၊ အမှတ်(၁၆)၊ ကမာရွတ်ဘူတာရုံလမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါ်မော်မော်သန်း၊ အမှတ်(၆၉၁)၊ မေတ္တာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဒေါ်ခင်အုံး၊ အမှတ်(၁၀၇)၊ ဝေဇယန္တာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါက်တာသက်သက်ခိုင်၊ အမှတ်(၁၂၇/အေ)၊ ဓမ္မစေတီလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်အေးစန္ဒာ၊ အမှတ်(၁၂၈)၊ အေးချမ်းသာယာရေးလမ်း၊ ၄၈-ယူ(၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်ခင်သီတာ၊ အမှတ်(၅၀၆)၊ နတ်မောက်လမ်း၊ (၃၉-ဘီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်သော်တာဝင်း၊ အမှတ်(၅၈)၊ စရည်းပင်လမ်းနှင့် မဥ္ဇူလမ်း၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်ဆွေလပြည့်စိုး၊ အမှတ်(၉)၊ အင်းယားမြိုင်ကွန်ဒို၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်ကေသီအောင်၊ အမှတ်(၁၄၈)၊ ပတ္တမြားလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၁၆။ ဒေါ်အေးမြင့်၊ အမှတ်(၁၃၆)၊ သောင်ကြီးပိုင်း၊ သမိန်ထောကုန်းတန်းစံပြကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေး တရားဝင်ဆိုရှယ်မီဒီယာစာမျက်နှာများ မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးအတွက် တရားဝင်ဆိုရှယ်မီဒီယာစာမျက်နှာများ မိတ်ဆက်အသိပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်)၌ ကျင်းပသည်။



**သတင်းအချက်အလက်တွေပေးနိုင်**

အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) အောင်ဆန်းရုပ်ရှင်ဒါရိုက်တာ ဦးလူမင်းက "အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေးကော်မတီထဲက အနုပညာဆိုင်ရာတွေဆောင်ရွက်မယ့် အနုပညာလောကက အဖွဲ့တွေနဲ့ မီဒီယာညီအစ်ကိုမောင်နှမတွေ သီးသန့်တွေ့ဆုံတဲ့ ပွဲလေးဖြစ်ပါတယ်။ ဒီနေ့တွေ့ဆုံရတဲ့ ရည်ရွယ်ချက်ကတော့ အောင်ဆန်းရုပ်ရှင်ကြီးကို ရိုက်ကူးထုတ်လုပ်နေတဲ့အခြေအနေ အကြောင်းအရာ၊ သတင်းအချက်အလက် အမှန်တွေကို ပြည်သူလူထုဆီ ပို့ပြီးတော့ ပျံ့ပျံ့နှံ့နှံ့ရောက်ရှိစေဖို့၊ ပြည်သူလူထုကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်စေဖို့၊ နောက် အောင်ဆန်းရုပ်ရှင်က ကျွန်တော်တို့တစ်ဦးတစ်ဖွဲ့နဲ့ဆောင်ရွက်လို့ရတဲ့ ရုပ်ရှင်မျိုး မဟုတ်ပါဘူး။ အောင်ဆန်းရုပ်ရှင်ဆိုတာ တစ်နိုင်ငံလုံး နိုင်ငံသားတိုင်း ပါဝင်ပတ်သက်တဲ့၊ နိုင်ငံသားတိုင်းနဲ့ သက်ဆိုင်တဲ့၊ အမျိုးသားရေးလက္ခဏာအသွင်ဆောင်တဲ့ ရုပ်ရှင်ကားကြီး တစ်ကားဖြစ်တဲ့အတွက် ပြည်သူတွေအားလုံးလည်း သိရှိနိုင်ရမယ်။ ပြည်သူတွေရဲ့ အကြံပေးမှုတွေလည်း ပါဝင်အကြံပေးနိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ သတင်းအချက်အလက်တွေပေးနိုင်ဖို့၊ ပြည်သူတွေနဲ့ထိတွေ့နိုင်ဖို့၊ အခုလက်ရှိ ပြည်သူလူထုကို အလွှမ်းမိုးဆုံးဖြစ်တဲ့ မီဒီယာအသီးသီးကနေ ပြည်သူတွေက ကျွန်တော်တို့ဆီကို ဆက်သွယ်နိုင်ဖို့အတွက် မီဒီယာစာမျက်နှာတွေကို မိတ်ဆက်တဲ့ အခမ်းအနားပဲဖြစ်ပါတယ်။

facebook သုံးတဲ့သူတွေအပြင် နိုင်ငံတကာက အသုံးပြုတဲ့ အင်စတာဂရမ်၊ တွစ်တာတို့သုံးတဲ့သူတွေကို အောင်ဆန်းရုပ်ရှင်ရဲ့ ဝက်ဆိုက်ထူထောင်ပြီးတော့ အင်တာနက် စာမျက်နှာပေါင်းများစွာကနေ သတင်းအချက်အလက်အမှန်တွေကို Official Page အနေနဲ့ သတင်းအချက်အလက်တွေ ဖြန့်ဝေသွားမယ်။ ပြည်သူတွေအနေနဲ့ရော၊ ရုပ်ရှင်စိတ်ပါဝင်စားသူတွေအနေနဲ့ရော၊ ပြည်တွင်းပြည်ပစိတ်ဝင်စားသူတွေ အနေနဲ့ရော ဘယ်လိုအကြောင်းနည်းနဲ့မဆို ကျွန်တော်တို့ဆီကို ဆက်သွယ်နိုင်ဖို့ ကမ္ဘာပေါင်းစုံကနေ အွန်လိုင်း၊ အင်တာနက်စာမျက်နှာတွေ ဖွင့်လှစ်ပြီးတော့ အဲဒီစာမျက်နှာတွေကို ဒီနေ့ မီဒီယာတွေကို အသိပေးကြေညာတဲ့ မိတ်ဆက်တဲ့ အခမ်းအနားလေးပဲဖြစ်ပါတယ်။ ဘာလို့မီဒီယာတွေကို မိတ်ဆက်ရသလဲဆိုတော့ ဒီအောင်ဆန်းရုပ်ရှင်ရိုက်ကူးခြင်းနဲ့ ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မှတ်ချက်ပေးဖူးတာကတော့ အင်မတန် သိမ်မွေ့နက်နဲတဲ့ အလုပ်တစ်ခုလို့ဆိုပါတယ်။ တကယ်လည်း သိမ်မွေ့သယောင်နဲ့ အင်မတန်နက်နဲပြီးတော့ ခက်လည်းခက်ခဲတဲ့အလုပ်တစ်ခုပါ။ အခုနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ညွှန်ကြားချက်နဲ့အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီကြီးကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းမိန့်နဲ့ ဖွဲ့စည်းခွင့်ပြုပြီး ဆောင်ရွက်နေပါပြီ။

**ပြည်သူရှေ့ကိုချပြနိုင်လိမ့်မယ်လို့ ယုံကြည်**

အောင်ဆန်းရုပ်ရှင် ရိုက်ကူးနိုင်ဖို့အတွက် အကောင်းဆုံး ပံ့ပိုးမှုအနေအထားတွေ အားလုံးရရှိထားပါပြီ။ ဒါရိုက်တာအဖြစ်ဆောင်ရွက်မယ့် ကျွန်တော့်အနေနဲ့လည်း ဒီရုပ်ရှင်ကြီးကို အောင်အောင်မြင်မြင်နဲ့ အကောင်းဆုံးဖြစ်အောင် မြန်မာနိုင်ငံက အနုပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ ဝန်ကြီးဌာနတွေအားလုံးပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီ အကောင်းဆုံး အောင်ဆန်းရုပ်ရှင်ကားကြီးဖြစ်အောင် ရိုက်ကူးထုတ်လုပ်ပြီး ပြည်သူရှေ့ကို ချပြနိုင်လိမ့်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ မီဒီယာများအားလုံးကလည်း သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် အောင်ဆန်းရုပ်ရှင်ကို တတ်နိုင်သမျှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြမယ်ဆိုတဲ့ စေတနာမျိုးနဲ့ ဝိုင်းဝန်းပံ့ပိုးပေးဖို့ ဒီမီဒီယာမိတ်ဆက်ပွဲ အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အောင်ဆန်းရုပ်ရှင်၏ Casting ဒါရိုက်တာပန်းချီစိုးမိုးကလည်း လူတိုင်းလူတိုင်းမှာ တာဝန်ကိုယ်စီရှိကြောင်း၊ နိုင်ငံသားတိုင်းမှာလည်း တာဝန်ရှိကြောင်း၊ အနုပညာရှင်တိုင်းမှာလည်း တာဝန်ရှိကြောင်း၊ ယင်းတာဝန်မှာ နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သော အောင်ဆန်းဆိုသည့် ဇာတ်ကားကြီးကို ဘယ်လိုဝိုင်းဝန်း ပံ့ပိုးကြမလဲဆိုသည့် စိတ်ဆန္ဒ၊ စိတ်ရင်းစေတနာအပြည့်အဝနှင့် လုပ်မှသာလျှင် ယင်းဇာတ်ကားကြီးက ပိုမိုပြီး ထိရောက်အောင်မြင်မည်ဟုမြင်ကြောင်း၊ ယင်းဇာတ်ကားရိုက်ကူးရေးတွင် ကဏ္ဍများ ခွဲထားကြောင်း၊ အားလုံးဝိုင်းဝန်း ပံ့ပိုးရမည်ဖြစ်ကြောင်း၊ သမိုင်းအစဉ်အဆက်နှင့် သမိုင်းနှင့်ချီပြီး ရိုက်ခဲ့သည့် ဇာတ်ကားဖြစ်သည့်အတွက် သမိုင်းအထောက်အထားများ သမိုင်းပညာရှင်များက ပံ့ပိုးခဲ့သကဲ့သို့ အနုပညာရှင်များကလည်း အနုပညာရှင်ကဏ္ဍမှပံ့ပိုးပြီး အတတ်ပညာရှင်များကလည်း အတတ်ပညာကဏ္ဍမှ ပံ့ပိုးထားကြောင်း၊ မိမိတို့ကလည်း ယင်းဇာတ်ကားကြီးအတွက် တစ်ထောင့်တစ်နေရာကနေ ပံ့ပိုးထားကြောင်း၊ ပြည်သူလူထု၊ ရုပ်ရှင်ကို ချစ်မြတ်နိုးသောလူထု၊ ဗိုလ်ချုပ်ကိုချစ်မြတ်နိုးသောလူထုတို့က ဘယ်လိုပံ့ပိုးမလဲ၊ ဘယ်လိုအကြံပြုမလဲ၊ ဘယ်လိုဆန်းစစ်ဝေဖန်ပြီး အကြံပြုမလဲ၊ မိမိတို့အခုဖွင့်လိုက်သည့် လူမှုစာမျက်နှာမှ ပြည်သူလူထုကလည်း မိမိသိသည့်အသိနှင့်ပံ့ပိုးပြီး အကြံဉာဏ်ပြုမည်ဆိုလျှင် ဇာတ်ကားကောင်းတစ်ကားဖြစ်နိုင်မည်ဟု မြင်ပါကြောင်း၊ ထိုနည်းတူ မီဒီယာများ၏ စူးရှထက်မြက်သည့်အသိအမြင်နှင့် ထက်မြက်သည့် ရေးသားချက်များအားလုံးဖြင့် ယင်းဇာတ်ကားပေါ်မှာ ဝေဖန်ဆန်းစစ်ပံ့ပိုးပေးပါရန် မေတ္တာရပ်ခံချင်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မီဒီယာများ၏ မေးမြန်းချက်များကို ဒါရိုက်တာများဖြစ်ကြသော လူမင်း၊ ပန်းချီစိုးမိုး၊ ညီညီထွန်းလွင်၊ ထွန်းအောင်ဇော်နှင့် စိုးကျော်ဆန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ဒါရိုက်တာလူမင်းက ကျေးဇူးတင်စကား ပြောကြားသည်။

အောင်ဆန်းရုပ်ရှင်၏ တရားဝင်မီဒီယာစာမျက်နှာများဖြစ်ကြသော https://www. instagram.com/ aungsanmovieofficial၊ https://www.facebook. com/ aungsanmovieofficial နှင့် https://twitter. com/aungsanmovie တို့တွင် ဝင်ရောက်ကြည့်ရှုအကြံပြုနိုင်ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - လှမိုး**



**(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၄ ရက် နံနက်က နေပြည်တော် အထက(၁၁)တွင် ခေါင်းအုံးရိုက်ပြိုင်ပွဲ ကျင်းပစဉ်။**

ကိုပေါက်(ဥတ္တရမြေ)



**နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ဇန်နဝါရီ ၄ ရက် နံနက်က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဆုရရှိသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်က ဆုချီးမြှင့်စဉ်။**

ကိုကိုရှုပ(မန်းတက္ကသိုလ်)

AR YU INTERNATIONAL HOSPITAL
GLOBAL CARE within reach

**အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏ ဝန်ဆောင်မှုနှင့် အထောက်အပံ့များ**

- ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ဓာတ်ခွဲခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
- သေချာစွာလေ့ကျင့်သင်ကြားထားသော ဓာတ်ခွဲခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
- ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
- ထူးခြားသာလွန်ကောင်းမွန်၍ သက်တောင့်သက်သာရှိသော အတွင်းလူနာခန်းများ
- တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
- ပင်မဆေးရုံအဆောက်အဦးနှင့်တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
- အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

**ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်**

- နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
- အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
- အသည်းရောဂါအမျိုးမျိုး
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
- သားဖွားနှင့်မီးယပ်ရောဂါများ
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
- ကလေးအထွေထွေရောဂါများ
- အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (၀၁) ၉၃၇ ၆၂၀၀
www.aryuhospital.com

# ဆရာဆိုတဲ့ဘဝကို တကယ်မြတ်နိုးပြီး တကယ့်ဆရာတွေဟာ နိုင်ငံ့အတွက် အရေးကြီးပါလားဆိုတဲ့ စိတ်ဓာတ်ရသွားပြီဆိုရင် သူ့အလုပ်က ထွက်ဖို့ တော်တော်ကြီးစဉ်းစားပါတယ်

ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးကိုလေးဝင်း

## ပညာရေးတွင် ဆရာများ၏အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေးစကားဝိုင်း ကျင်းပ

**ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာတိုးမြှင့်ခန့်ထားရေး စကားဝိုင်းဆွေးနွေးပွဲကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာသန်းဦး၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးကိုလေးဝင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဝင်းအောင်နှင့် ဦးထွန်းလှ၊ ရန်ကုန်တိုင်းဒေသကြီး အလက(၉) အင်းစိန် ကျောင်းအုပ် ဦးစိုးထွန်းထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး အထက (၄) သဃ်န်းကျွန်းမှ အထက်တန်းပြဆရာ ဦးလင်းလင်းထိုက်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပဉ္စမနှစ်ကျောင်းသား မောင်အားမာန်ထက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**

**သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်
ဓာတ်ပုံ- ဝင်းဝင်း**

**ယမန်နေ့မှအဆက်**

**အစီအစဉ်မှူး** ။ ။ အခုလက်ရှိ အမျိုးသားဆရာရှားပါးနေမှုကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို ဆရာကြီးကလည်း သုံးသပ်ပြောကြားပေးပါ။

**ဦးထွန်းလှ** ။ ။ ကျွန်တော့်ရဲ့ အယူအဆကတော့ အမျိုးသားဆရာရှားပါးနေတဲ့ လုပ်ငန်းကို စီမံကိန်းထဲမှာ ထည့်လိုက်ချင်တယ်။ ကာလသတ်မှတ်ပြီးတော့မှ တဖြည်းဖြည်း ဒေသအလိုက် Plan ဆွဲပြီးတော့ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် ရေရှည်အတွက် ရည်မှန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုရင် အမျိုးသားဆရာ ရှားပါးတဲ့ရည်မှန်းချက်ကို ပြည့်မြောက်သွားမယ်လို့ ယူဆပါတယ်။

**အစီအစဉ်မှူး** ။ ။ ထပ်ပြီး ဖြည့်စွက်ပြောကြားလိုတာများရှိရင်လည်း ပြောပြပေးပါ။

**ဒေါက်တာဝင်းအောင်** ။ ။ ကျွန်တော် အဓိကအနေနဲ့ သင်ကြားတဲ့အလုပ်ကို အမျိုးသမီးများနဲ့ ပိုပြီးသင့်တော်တဲ့အလုပ်လို့ အများကမြင်နေတဲ့အမြင်ကို ပြောင်းလဲအောင်လုပ်ဖို့ လိုမယ်လို့ထင်ပါတယ်။ အဲဒီလို လုပ်နိုင်ဖို့အတွက်ဆိုရင်လည်း အဓိကထားပြီးပြောချင်တာက ဆရာ ဆရာမတွေအနေနဲ့ ကိုယ့်ရဲ့ သင်ကြားရေးအလုပ်ဟာ တကယ်တတ်ကျွမ်းမှုကို အခြေခံတဲ့လုပ်ငန်းတစ်ခု ဖြစ်တယ်။ အဲဒီလို တတ်ကျွမ်းမှုကိုအခြေခံတဲ့လုပ်ငန်းဖြစ်တာနဲ့အညီ ကိုယ်ကလည်းပဲ တတ်ကျွမ်းတဲ့ အတတ်ပညာရှင်တစ်ယောက်ဖြစ်ကြောင်းကိုလည်း ပြသနိုင်ဖို့လိုမှာ ဖြစ်တယ်။ အဲဒါမှသာလျှင် လူတွေက ဒါကို အတတ်ပညာတစ်ရပ်အနေနဲ့ လေးလေးစားစား အသိအမှတ်ပြုလာလိမ့်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် ဒါလေးလည်း ပြောချင်တယ်။

### စံနမူနာပြ

ဒုတိယအနေနဲ့ကတော့ စောစောက ဆရာကြီးဦးသန်းဦးလည်း ထပ်ခါထပ်ခါ ပြောပါတယ်။ အဲဒါဘာလဲဆိုတော့ အဲဒီလုပ်ငန်းခွင်ထဲကိုရောက်နေတဲ့ အမျိုးသားဆရာတွေအနေနဲ့လည်း စံနမူနာပြ အမျိုးသားတစ်ယောက်အနေနဲ့ ဒီပညာရေးလုပ်ငန်းတွေကို တကယ်နှစ်ပြီး လုပ်ကိုင်ဆောင်ရွက်တဲ့အခါ ကျန်တဲ့ ဆရာ ဆရာမတွေအတွက်ရော၊ ကျောင်းသား ကျောင်းသူတွေ အတွက်ရော စံနမူနာပြအနေနဲ့ ရှေ့ကဦးဆောင်ပြီး လုပ်ပြနိုင်ဖို့ လိုမယ်လို့ထင်တယ်။ တတိယအနေနဲ့ ဆရာ ဆရာမ ထုတစ်ရပ်လုံးက ကိုယ့်ရဲ့ တပည့်သားမြေးတွေကိုရော၊ သူတို့ရဲ့ မိဘတွေကိုရော ဆရာ ဆရာမလုပ်ငန်းက တိုင်းပြည်အတွက် တကယ်လိုအပ်နေတဲ့ လုပ်ငန်းဖြစ်တယ်။ အမျိုးသားဆရာတွေရဲ့ အခန်းကဏ္ဍဟာ တစ်ထောင့်တစ်နေရာကနေ အရေးပါတဲ့ အပိုင်းမှာရှိနေတယ်။ ဒါကြောင့် အမျိုးသား၊ အမျိုးသမီးဆရာ အချိုးအစားမျှတဖို့ဟာ ကျောင်းအဆင့်တိုင်းမှာ လိုအပ်နေတာဖြစ်တယ်။ ဒါကို စိတ်ပါဝင်စားလာအောင်၊ တကယ်လိုအပ်တဲ့ နယ်ပယ်တစ်ခုအဖြစ်နဲ့ သူတို့က အသိအမှတ်ပြုလာအောင် အဲဒီလိုမျိုးလေးလည်း စည်းရုံးတဲ့၊ ပညာပေးတဲ့အလုပ်လေးတွေ လုပ်ပေးဖို့လိုမယ်လို့ထင်ပါတယ်။

**ဦးကိုလေးဝင်း** ။ ။ ရှေ့ပိုင်းမှာ ဆရာကြီး ဦးသန်းဦး၊ ဆရာကြီးဦးဝင်းအောင်၊ ဆရာဦးထွန်းလှတို့လည်း သုံးသပ်ပြောကြားတာတွေ တော်တော်ပြည့်စုံနေပါပြီ။ ဒါပေမယ့် ကျွန်တော့်ဘက်ရှုထောင့်က ပြောရမယ်ဆိုရင် အဓိကကတော့ အမျိုးသားဆရာတွေ ရှားပါးနေတာ တကယ့် သူ့ရဲ့အခြေခံအကြောင်းရင်းတွေ ရှိပါတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ဘဝနဲ့ရင်းပြီး



ကျွန်တော်မူလတန်းဆရာ ဘဝကနေစခဲ့တယ်။ အထူးသဖြင့်တော့ ဆရာကြီးခုနပြောခဲ့တဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာပေါ့။ တကယ်တော့ ဘယ်လောက်ပဲ အခက်အခဲတွေ ကြုံပါစေ။ ဒါဟာ နိုင်ငံအတွက် အရေးကြီးတယ်။ ပြီးတော့ ဒီဆရာရဲ့ဘဝကို မြတ်မြတ်နိုးနိုးနဲ့ ဝါသနာလည်း ပါတယ်။ စေတနာလည်းရှိတယ်။ အနစ်နာလည်း ခံနိုင်တယ်ဆိုတဲ့ လူတွေဟာ ဒီဆရာဘဝထဲမှာ မြဲကိုမြဲတယ်။ ကျွန်တော်အခု အသက် ၅၆ နှစ်ရှိပြီ။ ဆရာဘဝထဲမှာ ၁၄ နှစ် မြှုပ်နှံခဲ့တယ်။ ပြီးမှ Education Planner လို့ခေါ်တဲ့ ပညာရေးစီမံကိန်းရေးဆွဲသူဘက်ကို ရောက်လာတယ်။ နံပါတ် ၁ ကတော့ ကျွန်တော်တို့ လူငယ်တွေရဲ့ စိတ်ဓာတ်ပေါ့။ အထူးသဖြင့် ပညာရေးမှာ ပါဝင်ဆောင်ရွက်ဖို့အတွက်တို့ အမျိုးသားလူငယ်မှာလည်း တာဝန်ရှိတယ်ဆိုတဲ့ စိတ်လေးပေါ်လာအောင် စည်းရုံးဖို့လိုတယ်။ လုပ်ငန်းခွင်အကြို ဆရာအတတ်သင် သင်တန်းကိုကိုင်နေတဲ့ ဆရာတို့ အဆင့်မြင့်ပညာဦးစီးဌာနက ဒီကိုဝင်လာတဲ့ ကလေးတွေ အကုန်လုံးဟာ အဲဒီကသင်တန်းပြီးလို့ ထွက်သွားရင် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ညီတဲ့ ဆရာကောင်း၊ ဆရာမွန်တွေဖြစ်သွားပြီဆိုရင် ဆရာလောကထဲကို ဝင်လာလို့ ကျွန်တော်တို့ရဲ့ အခြေခံပညာဦးစီးဌာနလက်အောက်က ကျောင်းတွေမှာ အလုပ်လုပ်ပြီဆိုရင် ဒီလူတွေ ဒီအလုပ်က ထွက်သွားဖို့ဆိုတာ သိပ်စိုးရိမ်စရာ မရှိဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့တက်ခဲ့တဲ့ ဆရာအတတ်သင် သင်တန်းတွေတုန်းကလည်း အဲဒီက ဆင်းလာပြီးရင် စိတ်ဓာတ်ကို ပြောင်းသွားတယ်။ အစက ဆရာမလုပ်ချင်ဘူး။ အလုပ်မရှိလို့ ဆရာလာလုပ်တယ်။ ဒါပေမယ့် အဲဒီသင်တန်းတက်ပြီးသွားရင် ဆရာဆိုတဲ့ဘဝကို တကယ်မြတ်နိုးပြီး တကယ့်ဆရာတွေဟာ နိုင်ငံ့အတွက် အရေးကြီးပါလားဆိုတဲ့ စိတ်ဓာတ်ရသွားပြီဆိုရင် သူ့အလုပ်ကထွက်ဖို့ တော်တော်ကြီးစဉ်းစားပါတယ်။ ခက်ခဲတယ်လို့ ကျွန်တော်မြင်တယ်။ ဒါကတော့ ဆရာအတတ်ပညာကဏ္ဍက ဆောင်ရွက်ပေးဖို့ လိုအပ်တယ်လို့ ကျွန်တော်မြင်တဲ့ ကျွန်တော့်ရဲ့ သုံးသပ်ချက်ပါ။

### ပြန်လည်သုံးသပ်

နောက်တစ်ခုက အလုပ်ခွင်ထဲရောက်သွားပြီဆိုရင် ဒီဆရာတွေကို ဘယ်လိုထိန်းမှာလဲ။ ဒါကတော့ အထူးသဖြင့် ကျွန်တော်တို့ အခြေခံပညာဦးစီးဌာနနဲ့ ဆိုင်တယ်။ ဆရာတွေအတွက် သူတို့ရဲ့ Career Pathway ပေါ့။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သူတို့ရဲ့ ဘဝတက်လမ်း (Continuous Professional Development) သူတို့ရဲ့ ပရော်ဖက်ရှင်နယ်ဖြစ်ပြီဆိုရင် Professional Development က Livelong Learning နဲ့သွားဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးရပါမယ်။ ဒါမှ သူတို့က လုပ်ချင်ပါလိမ့်မယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့က လုပ်ဖို့ အရေးကြီးတယ်။ နောက်တစ်ခုက ဆရာတွေကို ရာထူးတိုးတဲ့စနစ်ကိုလည်း ပြန်လည်သုံးသပ်ပြီး ဒါကို ပြင်ဖို့လည်း ကြိုးစားနေတယ်။ မကြာခင်လည်း ပြင်ဖို့အတွက် အဆင်ပြေနိုင်လိမ့်မယ်လို့ ဆရာကြီးလည်း ပြောပါတယ်။

နောက်ဆုံးတစ်ခုအနေနဲ့ ကျွန်တော်ပြောချင်တာက ဆရာကြီးဦးဝင်းအောင်ပြောသွားတဲ့ အထဲမှာ Marketing ပေါ့။ ကလေးတွေ၊ လူငယ်တွေကို ဆရာလုပ်ချင်လာအောင် ကျောင်းသားဘဝထဲကသွားပြီး ကျွန်တော်တို့ ဟောပြောတာတို့ ၊ ဆွဲဆောင်တာတို့ ဒါမျိုးလည်းလုပ်ဖို့ လိုအပ်သလို တစ်ဖက်က (Community) မိဘတွေ၊ အသိုင်းအဝိုင်းတွေက သူတို့ရဲ့ ဆရာတွေအပေါ်မှာထားတဲ့ သဘောထားတွေပေါ့။ ခုန ညီလေးပြောသွားသလိုပဲ ဒီလောက်အမှတ်တွေကောင်းတယ်။ ကောင်းရဲ့သားနဲ့ ဘာလို့ ပညာရေးကောလိပ်လျှောက်ရတာလဲဆိုတာကို တချို့က နားမလည်ကြဘူး။ မခံစားတတ်ဘူး။ ဒါကြောင့် မိဘပြည်သူတွေဘက်ကလည်း ဆရာဟာ သိပ်အရေးကြီးတယ်။ ဆရာဆိုပေမယ့်လို့ ဆရာမရော၊ ဆရာရောကို ပြောတာပါ။ ပညာရေးဟာ နိုင်ငံရဲ့အသက်ပဲလေ။ နိုင်ငံရဲ့အသက်ဖြစ်တဲ့ ပညာရေးမှာ တစ်တပ်တစ်အား ပါဝင်နေတဲ့ ဆရာတွေရဲ့ ကဏ္ဍဟာ အလွန်အရေးကြီးတယ်ဆိုတာကို မိဘတွေကိုလည်း အသိပေးစေချင်တယ်။ တစ်ဖက်ကတော့ မီဒီယာတွေကနေ ဆရာ ဆရာမတွေဟာ နိုင်ငံအတွက် သိပ်အရေးကြီးတယ်ဆိုတာ ပြည်သူတွေကို သတင်းအချက်အလက်ပေးတဲ့ အစီအစဉ်တွေကိုလည်း မကြာမကြာထုတ်လွှင့်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။

**ဒေါက်တာအောင်အောင်မင်း** ။ ။ ပထမဆုံးပြောချင်တာက ကျွန်တော်တို့ နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံလို့ပဲ ပြောရမှာပဲ။ သမီးလေးဆိုရင် ဆရာမတော့ မှန်းတာပဲ။ သားဆိုရင် ဆရာဝန်ပဲလုပ်လုပ်၊ အင်ဂျင်နီယာပဲလုပ်လုပ်၊ စစ်ဗိုလ်ပဲ လုပ်လုပ်ပေါ့။ သမီးလေးဆိုရင်တော့ ဆရာမဆိုပြီး အဲဒီဟာတွေကလည်း စမယ်လို့ထင်တယ်။ မိဘတွေက သားယောကျ်ားလေး ဆရာလုပ်မယ်ဆိုရင်ကို ဆွေမျိုးတွေက "ဟင်၊ ဟာ"တွေ ဖြစ်ကုန်ကြတာ။ သူ့နေရာမှာသာ သမီးဆိုရင် ဘယ်သူမှ ကန့်ကွက်မယ်မထင်ဘူး။ ဒါဟာ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုနဲ့ဆိုင်တယ်။ နောက်ပြီး ကျွန်တော့် ပညာရေးကောလိပ်က ဒီအစိုးရသစ်တက်လာပြီးတော့မှ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ကို ထည့်တာ။ ပညာရေးကောလိပ်က ဒီပလိုမာပေးတယ်။ နှစ်နှစ်ပဲ တက်ရတယ်။ အဲဒီအတွက် ကျွန်တော့်ကျောင်းက ဆင်းသွားရင် သူက မူလတန်းပြလုပ်ရမှာ။ အလယ်တန်းပြဖြစ်ဖို့အတွက် အဝေးသင်မှာ ဘွဲ့တစ်ခုယူရတယ်။ အထက်တန်းပြဖြစ်ဖို့အတွက် B.Ed မှာ ဘွဲ့တစ်ခုထပ်ယူရတယ်။ အဲဒါကြောင့် ကျွန်တော့်ကျောင်းကို တက်ချင်တဲ့သူနည်းတယ်။ ဆွဲဆောင်မှုကနည်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီ နှစ်နှစ်နဲ့ ပွဲက မပြီးဘူး။

### ဒီဂရီကောလိပ်အဆင့် မြှင့်တင်

ပညာရေးတက္ကသိုလ်က ပွဲပြီးတယ်။ ငါးနှစ် တက်တယ်။ B.Ed ဘွဲ့ရတယ်။ အထက်တန်းပြဖြစ်မယ်။ ကျွန်တော့်အဆင့်က မပြီးဘူး။ အဲဒါကြောင့်မို့လည်းပါမယ်။ အဲဒါကြောင့် လာမယ့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကစပြီး ကျွန်တော့်ပညာရေးကောလိပ်တွေကို လေးနှစ်သင် ဒီဂရီကောလိပ်မြှင့်မယ်။ မြှင့်ပြီးရင် ဘွဲ့ပေးမယ်။ ဘွဲ့ပေးရင် သူဘယ်မှ သွားစရာမလိုတော့ဘူး။ ပညာရေးတက္ကသိုလ်လည်း သွားစရာမလိုတော့ဘူး။ အဝေးသင်တက္ကသိုလ်လည်း သွားစရာ မလိုတော့ဘူး။ ကျွန်တော်တို့ ကျောင်းနဲ့တင်ပဲ အားလုံးလေးနှစ်နဲ့ပြီးသွားမယ်။ ကျွန်တော်တို့ အခုပေါ်လစီအရ ဆုံးဖြတ်ဖို့တော့ တင်ထားပြီ။ တစ်ခါတည်း ကျွန်တော်က မူလတန်းပြ အထူးပြုနဲ့ အလယ်တန်းပြ အထူးပြုဆိုပြီး ခွဲထားမယ်။ မူလတန်းပြ အထူးပြုက လေးနှစ်သင်ပြီးလို့ ကျောင်းဆင်းရင် စိတ်ရှိလို့ကတော့ မူလတန်းပြ တစ်သက်လုံးလုပ်မယ်။ အဲဒါကြောင့် ခုန ဆရာကြီး ဦးသန်းဦးပြောတဲ့ ရာထူးတိုးစနစ် (Promotion System) က လာတော့မှာ။ ကျွန်တော်တို့ နိုင်ငံမှာ လက်ရှိသုံးနေတဲ့ စနစ်က မူလတန်းပြက ရာထူးတိုးရင် အလယ်တန်းပြ၊ အလယ်တန်းပြက ရာထူးတိုးရင် အထက်တန်းပြမဟုတ်ဘူး။ အခု မူလတန်းပြအတွင်းမှာပဲတိုးတယ်။ မူလတန်းပြ လစာတိုးမယ်။ သူ့လစာက အထက်တန်းပြနဲ့ အတူတူဖြစ်မယ်။ အဲဒါမျိုးပြင်ဖို့ပေါ့။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့ မရတော့ဘူး။ တခြားဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းရမယ်။

### ဆရာစိတ်ရှိတဲ့သူ

နောက်တစ်ချက် ပြောချင်တာက ကျွန်တော်တို့ ပညာရေးကောလိပ်ကို ဆရာကြီးဒေါက်တာဝင်းအောင် ပြောသလို ဆွဲဆောင်ရမှာပေါ့။ နောက်တစ်ခုကတော့ ဆရာကြီးဒေါက်တာဝင်းအောင် ပြောသွားတဲ့ ဆရာမတွေ စာသင်ကြားတာနဲ့ပတ်သက်လို့ သုတေသနတွေ လုပ်ကြည့်ဖို့ လိုမယ်ထင်တယ်။ အခြေခံပညာမှာ မူလတန်းကျောင်း ဘယ်နှကျောင်းမှာ ဆရာတစ်ယောက်မှမရှိဘဲ ဆရာမတွေချည်း ရှိနေသလဲ၊ အလယ်တန်းကျောင်းရော အဲဒီလို ဘယ်နှကျောင်းရှိနေလဲ။ အဲဒီကျောင်းကထွက်တဲ့ ကလေးနဲ့ ဆရာရော၊ ဆရာမရော ဆတူပဲရှိရှိ၊ အချိုးအစားတစ်ခုပဲရှိရှိ အဲဒီလိုကျောင်းက ထွက်တဲ့ကလေးနဲ့ ဘယ်လိုနေရာတွေမှာ သွားကွာခြားနေသလဲဆိုတာ သေသေချာချာ သုတေသနလုပ်နိုင်ရင်တော့ အခုကျွန်တော်တို့ ကြုံတွေ့နေရတာ အကောင်းလား၊ အဆိုးလားဆိုတာ ပေါ်လာမယ်။

အခု ဆရာမများနေတာ ကောင်းသလား၊ ဆိုးသလားဆိုတာ ဆရာတို့ကတော့ ဆွေးနွေးပါပြီ။ တကယ်လက်တွေ့မှာ လုပ်နေရတဲ့ ဆရာတွေနဲ့ သင့်တော်တဲ့လုပ်ငန်းတွေမှာ သူတို့ အခက်အခဲတွေ့နေပြီဆိုတာ ဆရာတွေကတော့ ပြောပါပြီ။ ဒါပေမယ့် တကယ်ဖြစ်နိုင်ဖို့ကတော့ သုတေသနတစ်ခုလုပ်ရမယ်။ ဆရာမတွေချည်းပဲ ရှိတဲ့ ကျောင်းက မွေးထုတ်လိုက်တဲ့ ကလေးတွေနဲ့ ဆရာနဲ့ ဆရာမ ရောနေတဲ့ကျောင်းက မွေးထုတ်လိုက်တဲ့ ကလေးတွေနဲ့ နောင်တစ်နေ့မှာ ဘာတွေ ကွာသွားမလဲ၊ အခုရော ကလေးတွေရဲ့ အခြေအနေက ဘယ်လိုရှိသလဲ။ အဲဒါမျိုးလေးလည်း သုတေသနလုပ်ပြီး ထပ်လုပ်မယ်။ နောက်တစ်ခုက ဆရာကြီးတို့ ပြောသွားတဲ့အတိုင်းပါပဲ၊ အခြေခံပညာ နှီးနှောဖလှယ်ပွဲမှာ ဒီဟာနဲ့ပတ်သက်တဲ့ စာတမ်းတစ်စောင် ဖတ်ပါတယ်။ ဆရာအများစုက ဆွေးနွေးသွားတာတော့ ဘာမှမကြည့်ပါနဲ့တဲ့။ ဆရာစိတ်ရှိတဲ့သူကို ရအောင် ရွေးပေးပါတဲ့။ ကျွန်တော်တို့က အဓိကက အခု အမှတ်နဲ့ နေထိုင်ရာမြို့နယ်နဲ့ အဓိကထားရွေးနေတာ။ ဒါပေမယ့် အဲဒီဆရာတွေက တောင်းဆိုသွားတာတော့ ဆရာစိတ်ရှိတဲ့ သူကိုသာ ရွေးပါတဲ့။ ကျန်တာတွေ သူတို့မလိုချင်ပါဘူးတဲ့။ ဆရာစိတ်ရှိရင် သူတို့ အခြေခံပညာကို ရောက်လာရင် အားလုံးအဆင်ပြေသွားမှာပါတဲ့။ အဲလိုလေး ဆရာအများစုက ကျွန်တော့်ကို ဆွေးနွေးလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆရာမတွေချည်းပဲ ရှိတဲ့ကျောင်းက မွေးထုတ်လိုက်တဲ့ ကလေးတွေနဲ့ ဆရာနဲ့ ဆရာမ ရောနေတဲ့ကျောင်းက မွေးထုတ်လိုက်တဲ့ ကလေးတွေနဲ့ နောင်တစ်နေ့မှာ ဘာတွေကွာသွားမလဲ၊ အခုရော ကလေးတွေရဲ့အခြေအနေက ဘယ်လိုရှိသလဲ။ အဲဒါမျိုးလေးလည်း သုတေသနလုပ်ပြီး ထပ်လုပ်မယ်။**

# အမေရိကန်လွှတ်တော်သို့ ဒီမိုကရက်ပါတီအမတ်များ စတင်တက်ရောက်

**ဝါရှင်တန် ဇန်နဝါရီ ၄**

အမေရိကန်ဒီမိုကရက်တစ်ပါတီဝင်များသည် ဇန်နဝါရီ ၃ ရက်တွင် လွှတ်တော်သို့ စတင်တက်ရောက်ကာ ၎င်းတို့၏ တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

၁၁၆ ကြိမ်မြောက် လွှတ်တော်အစည်းအဝေးတွင် ဒီမိုကရက်တစ်ပါတီအမတ် နန်စီပီလိုစီအား လွှတ်တော် ဒုတိယသက်တမ်းအတွက် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

လွှတ်တော်အစည်းအဝေးတွင် အစိုးရအဖွဲ့ယန္တရား ပြန်လည်လည်ပတ်နိုင်ရေးနှင့် သမ္မတဒေါ်နယ်ထရန့် တောင်းဆိုထားသော နယ်စပ်အုတ်တံတိုင်း တည်ဆောက်ရန် ရသုံးစွဲငွေအတည်ပြုခြင်းကိစ္စနှင့်ပတ်သက်ပြီး နှစ်ပါတီ လွှတ်တော်အမတ်များက အဓိကထားဆွေးနွေးခဲ့ကြသည်။

နယ်စပ်အုတ်တံတိုင်း တည်ဆောက်ရန် လွှတ်တော် အမတ်များက ခွင့်ပြုခဲ့ခြင်းမရှိကြောင်း သိရသည်။

သမ္မတထရန့်က မက္ကဆီကိုနယ်စပ် အုတ်တံတိုင်း တည်ဆောက်ရန် ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံ တောင်းခံထားပြီး အဆိုပါ စီမံကိန်းကို၂၀၁၆ ခုနှစ် သူ၏မဲဆွယ်စည်းရုံးရေးကာလအတွင်းက ပြည်သူများအား သမ္မတထရန့်က ကတိပြုခဲ့ခြင်းဖြစ်သည်။

လွှတ်တော်ဥက္ကဋ္ဌ နန်စီပီလိုစီက နှစ်နိုင်ငံအကြား အုတ်တံတိုင်းကာရံခြင်းသည် ဆက်ဆံရေးအေးစက်စေသည့် လုပ်ရပ်တစ်ခုဖြစ်ပြီး ရှေးရိုးစွဲအယူအဆတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ နယ်စပ်လုံခြုံမှုရှိစေရန် ခေတ်မီနည်းပညာများဖြစ်သည့် မောင်းသူမဲ့လေယာဉ်များ၊ ကင်မရာများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ၏ အကူအညီရယူကာ ငွေကြေးကုန်ကျမှုကို ချွေတာသည့်အနေဖြင့် လုပ်ဆောင်သွားရန်လိုအပ်ကြောင်း လွှတ်တော်အမတ် နန်စီပီလိုစီက ပြောကြားခဲ့သည်။

လွှတ်တော်အစည်းအဝေးတွင် နန်စီပီလိုစီအား လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် လွှတ်တော်အမတ်အများအပြားက ချီးကျူးထောမနာပြုကာ လက်ခုပ်ဩဘာများပေးခဲ့ကြောင်း သိရသည်။

လွှတ်တော်ဥက္ကဋ္ဌ နန်စီပီလိုစီက ယခုလွှတ်တော်သည် နှစ်ပါတီလွှတ်တော်တစ်ရပ်ဖြစ်စေကာမူ စည်းလုံးညီညွတ်မှုရှိစေရမည်ဖြစ်ပြီး အမေရိကန်၏ အားနည်းချက်များကို သိမြင်နားလည်ကာ ပြုပြင်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း သူ၏အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



လွှတ်တော်ဥက္ကဋ္ဌ နန်စီပီလိုစီ ကျမ်းသစ္စာပြုစဉ်။

# အိန္ဒိယနိုင်ငံ ဟိန္ဒူဘုရားကျောင်းအတွင်းသို့ အမျိုးသမီးတစ်ဦး ထပ်မံဝင်ရောက်မှုကြောင့် အဓိကရုဏ်းဖြစ်စဉ် ပိုမိုတင်းမာ



**နယူးဒေလီ ဇန်နဝါရီ ၄**

အိန္ဒိယနိုင်ငံရှိ ဟိန္ဒူဘုရားကျောင်းအတွင်းသို့ အမျိုးသမီး ဝင်ရောက်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အဓိကရုဏ်းဖြစ်ပွားခဲ့ပြီးနောက် ဇန်နဝါရီ ၃ ရက်တွင် အမျိုးသမီးတစ်ဦးက ဟိန္ဒူဘုရားကျောင်းတစ်ခုအတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ရာ အဓိကရုဏ်းဖြစ်စဉ် ပိုမိုဆိုးရွားခဲ့ကြောင်း ရဲအရာရှိများက ပြောကြားခဲ့သည်။

### ကာကွယ်စောင့်ရှောက်ထား

ဇန်နဝါရီ ၂ ရက် အရုဏ်တက်ချိန်မတိုင်မီတွင် အသက် ၄၀ အရွယ် အမျိုးသမီးနှစ်ဦးသည် ကီရာလာပြည်နယ်အတွင်းရှိ ဆာဘာရီမာလာဘုရားကျောင်းအတွင်းသို့ ပထမဆုံးအကြိမ် ဝင်ရောက်ခဲ့သည်။ ဇန်နဝါရီ ၄ ရက်အထိတိုင် ၎င်းတို့အား လုံခြုံရေးအရာရှိများက ကာကွယ်စောင့်ရှောက်ထားကြောင်း သိရသည်။

ဇန်နဝါရီ ၃ ရက် ညပိုင်းအချိန်တွင် ဟိန္ဒူဘုရားကျောင်းအတွင်းသို့ အမျိုးသမီးတစ်ဦး ထပ်မံဝင်ရောက်ခဲ့သည်။ အဆိုပါ တတိယမြောက်အမျိုးသမီးသည် သီရိလင်္ကာနိုင်ငံသူဖြစ်ပြီး သူ၏မိသားစုနှင့်အတူ ပြင်သစ်နိုင်ငံတွင် အတူတကွနေထိုင်ကြောင်းသိရသည်။

၎င်းသည် ၄၇ နှစ်ရှိပြီး ဥပုသ်သည်များနှင့် ရောနှောကာ ဘုရားကျောင်းအတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိများက ဆိုသည်။ အဆိုပါအမျိုးသမီး၏ လုံခြုံရေးနှင့် အဓိကရုဏ်းဖြစ်ပွားမှုအခြေအနေကို မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိသည်ဟု ရဲအရာရှိများက ဆက်လက်ပြောကြားခဲ့သည်။

### အမိန့်ချမှတ်ထား

အဓိကရုဏ်းဖြစ်စဉ်သည် ဆက်လက်တင်းမာမှုများရှိနေပြီး ယခုအချိန်ထိ လူတစ်ဦးသေဆုံးကာ ၁၅ ဦး ထက်မနည်း ထိခိုက်ဒဏ်ရာများရရှိကြောင်း သိရသည်။ ၎င်းတို့အနက် လေးဦးသည် ဓားထိုးခြင်း ခံခဲ့ရသူများဖြစ်သည်။ အာဏာပိုင်များက ၁၃၆၉ ဦးအား ဖမ်းဆီးထိန်းသိမ်းထားသည်။

အိန္ဒိယနိုင်ငံအတွင်းရှိ အချို့သော ဟိန္ဒူဘုရားကျောင်းများသည် အမျိုးသမီးများဝင်ရောက်မှုကို ပိတ်ပင်ထားကြောင်းသိရသည်။ ၁၉၉၁ ခုနှစ်တွင် ကီရာလာတရားရုံးချုပ်က ဆာဘာရီမာလာ ဘုရားကျောင်းအတွင်းသို့ အမျိုးသမီးများ ဝင်ရောက်ခွင့်သည် ဓလေ့ထုံးတမ်းနှင့်ညီညွတ်မှုမရှိကြောင်း အမိန့်ချမှတ်ထားသည်။ **အေအက်ဖ်ပီ**

# အဘူဆေယက်ဖ် အကြမ်းဖက်အဖွဲ့က ဓားစာခံဖိလစ်ပိုင်လူမျိုးတစ်ဦးအား ပြန်လွှတ်ပေး

**မနီလာ ဇန်နဝါရီ ၄**

တစ်နှစ်ကျော်ကြာ ပြန်ပေးဆွဲခံထားရသည့် အသက် ၂၈ နှစ်အရွယ် ဖိလစ်ပိုင်လူမျိုးတစ်ဦးကို အဘူဆေယက်ဖ်အကြမ်းဖက်အုပ်စုက ပြန်လည်လွှတ်ပေးခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်က ဇန်နဝါရီ ၃ ရက်တွင် ပြောကြားသည်။

ပြန်လည်လွှတ်ပေးလိုက်သူမှာ ဂျေ့ဒ်ကွင်အို အမည်ရှိသူဖြစ်ကာ ၎င်းသည် ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်းက ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘွန်ဂါဒယ်နိုတီပြည်နယ်တွင် အဘူဆေယက်ဖ်အဖွဲ့၏ ပြန်ပေးဆွဲခြင်းခံခဲ့ရပြီး ၎င်းအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဆူလူးပြည်နယ်၌ ယင်းအကြမ်းဖက်အဖွဲ့က ပြန်လွှတ်ပေးခဲ့ကြောင်း မင်ဒါနာအို အနောက်ပိုင်းစစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဂယ်ရီဘီဆာနာက ပြောကြားသည်။

ယင်းဓားစာခံပြန်လည်လွတ်မြောက်ရေးအတွက် ပြန်ပေးရွေးငွေပေးရခြင်းမရှိကြောင်း ဘာဆာနာက ပြောကြားသည်။ ဖိလစ်ပိုင်စစ်ဘက်၏ စစ်ရေးအရ ဖိအားပေးမှုကြောင့် ၎င်းဓားစာခံကို ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဘူဆေယက်ဖ်အဖွဲ့က ပြန်လည်လွှတ်ပေးပြီးနောက် လွတ်မြောက်လာသည့် ဓားစာခံကို ၎င်း၏ မိသားစုနှင့် ဆူလူးပြည်နယ် အုပ်ချုပ်ရေးမှူးတို့က လက်ခံရယူခဲ့ကြသည်။

အဘူဆေယက်ဖ်အကြမ်းဖက်အဖွဲ့က ဆူလူးပြည်နယ်အတွင်း၌ နိုင်ငံခြားသားသုံးဦးနှင့် ဖိလစ်ပိုင်လူမျိုးနှစ်ဦးတို့အား ပြန်ပေးဆွဲကာ ဓားစာခံအဖြစ် ထိန်းသိမ်းထားကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။

အဘူဆေယက်ဖ်အကြမ်းဖက်အဖွဲ့အား ချေမှုန်းရန် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက လွန်ခဲ့သည့်လအတွင်းက ခြေလျင်တပ်မတစ်ခုကို ဖွဲ့စည်းခဲ့သည်။

ဖိလစ်ပိုင်လုံခြုံရေးတပ်ဖွဲ့များသည် အဘူဆေယက်ဖ်အကြမ်းဖက်အဖွဲ့အား ချေမှုန်းရန် ၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလများကတည်းက ကြိုးပမ်းခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် အဘူဆေယက်ဖ်အကြမ်းဖက်အဖွဲ့သည် အသေးငယ်ဆုံးဖြစ်သော်လည်း အစွန်းရောက်အကြမ်းဖက်အဖွဲ့ဖြစ်သည်။ ၎င်းတို့သည် ပြန်ပေးဆွဲခြင်း၊ ဖောက်ခွဲခြင်းနှင့် ခေါင်းဖြတ်သတ်ဖြတ်ခြင်းတို့ကို မင်ဒါနာအိုကျွန်းအနောက်ပိုင်းနှင့် အထူးသဖြင့် ၎င်းတို့ပုန်းခိုရာဒေသဖြစ်သည့် ကျွန်းစုပြည်နယ်များဖြစ်သော ဘက်ဆီလင်နှင့် ဆူလူးပြည်နယ်များ၌ ပြုလုပ်ကြသည်။ **ဆင်ဟွာ**

# အမေရိကန်နှင့် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှု လာမည့်ရက်သတ္တပတ်တွင် ပြုလုပ်မည်ဟု တရုတ်ပြောကြား

**ပေကျင်း ဇန်နဝါရီ ၄**

အသိဉာဏ်ပညာဆိုင်ရာ မူပိုင်ခွင့်အပါအဝင် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အမေရိကန်နှင့် တွေ့ဆုံဆွေးနွေးမှုကို ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ပြုလုပ်မည်ဟု တရုတ်နိုင်ငံက ပြောကြားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။



### ဆွေးနွေးမှုပြုလုပ်

အမေရိကန် ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ ဒုတိယ ခေါင်းဆောင်ဂျက်ဖရီဂါရစ် ဦးဆောင်သောအဖွဲ့သည် ပေကျင်းမြို့တွင် နှစ်ရက်တာ ဆွေးနွေးမှုပြုလုပ်ရန် လာရောက်မည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၄ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သည့်လက ပြုလုပ်ခဲ့သည့် တရုတ်နှင့် အမေရိကန်ခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲတွင် ရရှိခဲ့သည့် အရေးပါသော အများဆန္ဒများ အောင်မြင်မှုရရှိရန်အတွက် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံခေါင်းဆောင်များ ထိပ်သီးတွေ့ဆုံမှုပြီးကတည်းကစ၍ ယခုပြုလုပ်မည့် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ တာဝန်ရှိသူများ၏ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ မျက်နှာချင်းဆိုင် ဆွေးနွေးမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။

တရုတ်နိုင်ငံမှ ပို့ကုန်များအပေါ် အခွန်နှုန်းထား တိုးမြှင့်ကောက်ခံခြင်းကို ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်အထိ ရွှေ့ဆိုင်းထားရန် တရုတ်နှင့် အမေရိကန်တို့က လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက သဘောတူညီခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင် IBEC ဆရာတော်အား နိုင်ငံတကာဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်

**စစ်ကိုင်း ဇန်နဝါရီ ၄**

IBEC ဆရာတော်(စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင်) ဘဒ္ဒန္တသောဘိတအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က နိုင်ငံတကာဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်လှူဒါန်းပွဲ ဂုဏဝိသိဋ္ဌပူဇာအခမ်းအနားကို စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့ သောတာပန်ရပ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ (IBEC) ၌ ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါဆုကို IBEC ဆရာတော်၏ ပြည်တွင်း၊ ပြည်ပ ငြိမ်းချမ်းရေး၊ ပညာရေး၊ ဘာသာရေးနှင့် လူသားအကျိုးပြု လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုများအတွက် ဂုဏ်ပြုသောအားဖြင့် ဆက်ကပ်လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး IBEC ဆရာတော်က သီလပေးတရားများချီးမြှင့်သည်။ ကျောင်းသားကျောင်းသူများက IBEC သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ၎င်းနောက်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာမှာ "ယနေ့မျက်မှောက်ကာလတွင် နိုင်ငံတော်အကြီးအကဲများက ငြိမ်းချမ်းသောဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်နေချိန်မှာ နိုင်ငံတကာ ဖိအားများကိုလည်း ကြုံတွေ့နေရချိန်၌ သာသာပေါင်းစုံ ညီလာခံများတွင် မြတ်ဗုဒ္ဓ၏တရားတော်နှင့်အညီ ညီညွတ်ငြိမ်းချမ်းရေးသတင်းစကားများကို နိုင်ငံတကာက လက်ခံအောင် ဆောင်ရွက်တင်ပြနေသည်ကို သိရှိရပါသည်ဘုရား။ ဆရာတော်၏ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသာမက ပြည်တွင်း၊ ပြည်ပ ငြိမ်းချမ်းရေး၊ ပညာရေးနှင့် လူသားအကျိုးပြုလုပ်ငန်းများကို ပြဟ္မဝိဟာရတရားလေးပါးနှင့်အညီ ဆောင်ရွက်ခဲ့သည့်အတွက် တပည့်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး၏ နိုင်ငံတကာ ငြိမ်းချမ်းရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေးဂုဏ်ထူးဆောင်ပုဂ္ဂိုလ်အဖြစ် ဘွဲ့တံဆိပ်ကို ထပ်ဆင့်ဆက်ကပ်လှူဒါန်းပါသည်ဘုရား" ဟု လျှောက်ထားပါသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘွဲ့တံဆိပ်အား ဆရာတော်သို့ ဆက်ကပ်သည်။

ထို့နောက် IBEC ဆရာတော်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အား ဂုဏ်ယူဝမ်းမြောက်စကားမြွက်ကြားပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပြီးဆုံးခဲ့ကြောင်း IBEC သတင်းနှင့်ပြန်ကြားရေးဌာနမှ သိရသည်။

**အောင်စံမောင်**




# လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ဒုတိယအကြိမ်မြောက် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၁)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ကိုရီးယားနိုင်ငံ ဟန်အီရုပ်သံသမိုင်းဖောင်ဒေးရှင်းတို့ ပူးပေါင်းပြုလုပ်သော ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲ(မြန်မာနိုင်ငံ)ကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(MMPO)ရုပ်ရှင်ရုံ၌ ကျင်းပသည်။

"မြန်မာနိုင်ငံမှာ ကျင်းပတာ ဒါက ဒုတိယအကြိမ်မြောက်ပါ။ ပွဲတော်ကျင်းပတာကတော့ ဟန်အီရုပ်သံသမိုင်းဖောင်ဒေးရှင်းက သူ့ရဲ့ကိုရီးယားနိုင်ငံ လွတ်လပ်ရေးနေ့မှာ နှစ်စဉ်ကျင်းပလေ့ရှိပါတယ်။ မနှစ်ကတော့ မြန်မာနိုင်ငံနဲ့ပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးနေ့မှာ ရုပ်ရှင်ပွဲတော် ပထမအကြိမ် ကျင်းပခဲ့ပါတယ်။ ကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ နှစ်နိုင်ငံအဖွဲ့အစည်းအချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အနုပညာတွေ ပူးပေါင်းထုတ်လုပ်နိုင်မှု စတဲ့ရည်ရွယ်ချက်တွေနဲ့ ကျင်းပခြင်းဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။



မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံသည် ဖက်ဆစ်ဂျပန်များ၏ လက်အောက်တွင် ကျရောက်ခဲ့ရပုံခြင်းတူညီပြီး လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့ပုံ သမိုင်းကြောင်းများလည်း တူညီကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်များနှင့် ကိုရီးယားနိုင်ငံ၏ အမျိုးသားခေါင်းဆောင်များသည်လည်း ယေဘုယျအားဖြင့် တူညီကြောင်း၊ ထို့ကြောင့် ကိုရီးယားနိုင်ငံ၏ဇာတ်ကားများကို ကြည့်ရှုသည့်အခါတွင်လည်း မြန်မာနိုင်ငံရုပ်ရှင်ချစ်မြတ်နိုးသူများအနေဖြင့် ခံစားနိုင်သလို မြန်မာနိုင်ငံ၏ ဇာတ်ကားများကို ကြည့်ရှုသည့်အခါတွင်လည်း ကိုရီးယားနိုင်ငံရုပ်ရှင်ချစ်မြတ်နိုးသူများအနေဖြင့် ထပ်တူညီမျှခံစားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင် မြန်မာနိုင်ငံပြပွဲသည် ရုပ်ရှင်ကြည့်ခြင်းဖြင့် လွတ်လပ်ရေးသမိုင်းကို သိရှိနားလည်စေရန်၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရေးအား ပိုမိုခိုင်မာလာစေရန်၊ လွတ်လပ်ရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်နှင့် နိုင်ငံတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသူများ များပြားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို ဇန်နဝါရီ ၄ ရက်မှ ၅ ရက်ထိ(နှစ်ရက်တိုင်တိုင်)ကျင်းပသွားမည်ဖြစ်ရာ ဖွင့်ပွဲတွင် ဒါရိုက်တာစင်ရော်မောင်မောင် ရိုက်ကူးထားသည့် "တပြည်သူ မရွှေထား" မြန်မာ့ရုပ်ရှင်ဇာတ်ကားကို ပြသခဲ့ပြီး ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် Man of Will(လူတစ်ယောက်၏မျှော်လင့်ချက်) ကိုရီးယားရုပ်ရှင်ဇာတ်ကားနှင့် ညနေ ၄ နာရီတွင် I can Speak (ငါပြောတတ်ပြီ) ကိုရီးယားရုပ်ရှင် ဇာတ်ကားများကို ဆက်လက်ပြသသွားမည်ဖြစ်သည်။

ယနေ့ ကျင်းပသည့် ရုပ်ရှင်ပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံ ဟန်အီရုပ်သံသမိုင်းဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ရုပ်ရှင်ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-အေးမင်းသူ၊ ဇာနည်မောင်**

# တိုးတက်ခေတ်မီလာသော ပြည်တွင်းထုတ်ကုန်များအား တစုတစည်းတည်း လေ့လာနိုင်စေရန် Made In Myanmar ကုန်စည်ပြပွဲ ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၄**

စွန့်ဦးတီထွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ တိုးတက်ခေတ်မီလာသော ပြည်တွင်းထုတ်ကုန်များအား တစ်နေရာတည်းတွင် တစုတစည်းတည်း လေ့လာနိုင်စေရန်အတွက် "Made In Myanmar- ပြည်တွင်းဖြစ်ကို အားပေးပါ" ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ကန်တော်ကြီး(မျှော်စင်ကျွန်း)တွင် ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့သည်။

Made In Myanmar ကုန်စည်ပြပွဲတွင် ပြည်တွင်းရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များက ထုတ်လုပ်သည့် စားသောက်ကုန်၊ အဝတ်အထည်၊ အလှကုန်၊ ဆေးဝါး၊ အမှတ်တရ/လက်မှုပစ္စည်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့ကို ဆိုင်ခန်းပေါင်း ၁၃၀ ကျော်ဖြင့် ဇန်နဝါရီ ၄ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ သုံးရက်ကြာ ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြပွဲကာလအတွင်း မျက်လှည့်နှင့် ဂိမ်းကစားနည်းများ၊ ဉာဏ်စမ်းပဟေဠိအစီအစဉ်များ၊ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများ ထည့်သွင်းပြုလုပ်သွားမည့်အပြင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကအလှများ၊ စတီရီယိုတေးသီချင်းများနှင့် လူရွှင်တော်များ၏ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာက တချို့ စားသုံးသူတွေဆိုရင် မြန်မာထုတ်ကုန်တွေနဲ့ သိပ်ရင်းနှီးမှုမရှိတာတွေ့ရတယ်။ အခုလက်ရှိကာလမှာ မြန်မာထုတ်ကုန်တွေဟာ နိုင်ငံတကာအဆင့်မီဖြစ်နေတယ်ဆိုတာကို သိစေချင်တယ်။ အဲဒါကြောင့် ဒီ Made In Myanmar ပွဲကို ပြုလုပ်ဖြစ်တာပါ။ ဒီလိုပွဲမျိုးတွေကတစ်ဆင့် Online၊ Offline နှစ်မျိုးလုံးနဲ့ E-commerce ပလက်ဖောင်းကို ရောက်အောင်သွားဖို့ရှိပါတယ်။ ဒီပွဲမှာက ဆိုင်ခန်းပေါင်း ၁၃၅ ခန်း ပါဝင်ပြသနေကြပါတယ်။ ဒါပေမယ့် ဆိုင်ခန်းတစ်ခုထဲမှာတင် တချို့က ထုတ်ကုန်တစ်ခုထက် ပိုတာတွေရှိတယ်။ ထုတ်ကုန်အနေနဲ့ ပြောရရင် ဒီပွဲမှာ ထုတ်ကုန်စုစုပေါင်း ၃၀၀ ကျော်လောက် ပြသနေပါတယ်။ မြန်မာ့ထုတ်ကုန်တွေကို အားပေးတာက စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေကို အားတက်စေတာကြောင့် လာရောက်လေ့လာအားပေး ဝယ်ယူကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု Made In Myanmar ကုန်စည်ပြပွဲကို ကြီးမှူးကျင်းပသည့် CREATIVE HUB ကုမ္ပဏီမှ ဒါရိုက်တာ မဆုဆုလှိုင်က ပြောသည်။

Made In Myanmar ကုန်စည်ပြပွဲ ပြုလုပ်ခြင်းကြောင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ တစ်နေရာတည်းတွင် စုစည်းမိကြပြီး လုပ်ငန်းရှင်များအတွက် အရေးပါလှသော ဈေးကွက်ဆိုင်ရာ၊ လုပ်ငန်းလည်ပတ်လုပ်ဆောင်မှုဆိုင်ရာ၊ စားသုံးသူအားဝန်ဆောင်မှုပေးမှုဆိုင်ရာ ကဏ္ဍများတွင် ပညာရှင်များ၊ အတွေ့အကြုံရှိလုပ်ငန်းရှင်များနှင့် ဆွေးနွေးဖလှယ်နိုင်ကြမည်ဖြစ်ကာ ယင်းသို့ ဗဟုသုတဖလှယ်ခြင်းမှရရှိလာသော အသိပညာများ၊ ဆုံတွေ့ရသော ရင်းနှီးမြှုပ်နှံသူများ၊ အခြားသောအချိတ်အဆက်များ၏ အကူအညီဖြင့် မိမိတို့၏ကိုယ်ပိုင်လုပ်ငန်းများကို အဆင့်မြှင့်တင်ရင်း ပြည်တွင်းထုတ်ကုန်များ၏ အရည်အသွေးတိုးတက်ကောင်းမွန်အောင် အကျိုးပြုနိုင်မည်ဖြစ်သည်။



ထိုသို့ ပြည်တွင်းထုတ်ကုန်များ အရည်အသွေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များသို့ပါ ထိုးဖောက်နိုင်ပြီး ထုတ်ကုန်လုပ်ငန်း တိုးတက်လာကာ နိုင်ငံခြားဝင်ငွေပိုမိုရရှိပြီး နိုင်ငံ့စီးပွားရေးတိုးတက်လာစေရန် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

**သတင်း-ကိုထက်**
**ဓာတ်ပုံ-ရာမည**

# ဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်းလေးခုအား AA သောင်းကျန်းသူအဖွဲ့က အင်အားအလုံးအရင်းဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်၊ ရဲတပ်ဖွဲ့ဝင် ၁၃ ဦး ကျဆုံးပြီး ကိုးဦးဒဏ်ရာရရှိ








ဇန်နဝါရီ ၄ ရက်တွင် AA သောင်းကျန်းသူအဖွဲ့က ရဲကင်းစခန်း လေးခုအား အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်းလေးခုအား ယနေ့နံနက်ပိုင်းတွင် AA သောင်းကျန်းသူအဖွဲ့က အင်အားအလုံးအရင်းဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၃ ဦး ကျဆုံးပြီး ကိုးဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ်ရှိ ငမြင်းဘော်ရဲကင်းစခန်းအား ခန့်မှန်းအင်အား ၁၀၀ ခန့်ရှိ AA သောင်းကျန်းသူအဖွဲ့ကလည်းကောင်း၊ ကျောင်းတောင်ရဲကင်းစခန်းအား ခန့်မှန်းအင်အား ၁၀၀ ခန့်ရှိ AA သောင်းကျန်းသူအဖွဲ့ကလည်းကောင်း၊ ဂုပ္ပိရဲကင်းစခန်းအား ခန့်မှန်းအင်အား ၅၀ ခန့်ရှိ AA သောင်းကျန်းသူအဖွဲ့ကလည်းကောင်း၊ ခထီးလှရဲကင်းစခန်းအား ခန့်မှန်းအင်အား ၁၀၀ ခန့်ရှိ AA သောင်းကျန်းသူအဖွဲ့ကလည်းကောင်း နံနက် ၆ နာရီ ၄၅ မိနစ်တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း လက်နက်ကြီး လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း။

ဖြစ်စဉ်ဖြစ်ပွားလျှင် ဖြစ်ပွားချင်း လှုပ်ရှားစစ်ကြောင်းများဖြစ်သော အမှတ် (၈) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ စစ်ကူအဖွဲ့များနှင့် တပ်မတော်မှ စစ်ကြောင်းများက စခန်းများသို့ စစ်ကူသွားရောက်ပူးပေါင်းခဲ့ရာ ငမြင်းဘော်စခန်းသို့ နံနက် ၉ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ ကျောင်းတောင်စခန်းသို့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ဂုပ္ပိစခန်းသို့ နံနက် ၉ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ ခထီးလှစခန်းသို့ နံနက် ၉ နာရီခွဲတွင်လည်းကောင်း ပူးပေါင်းနိုင်ခဲ့ကြောင်း သိရသည်။

ငမြင်းဘော်ရဲကင်းစခန်းနှင့် ကျောင်းတောင်ရဲကင်းစခန်းများသို့ စစ်ကူအဖွဲ့ မရောက်ရှိသေးမီ AA သောင်းကျန်းသူအဖွဲ့က ဖိအားပေးတိုက်ခိုက်မှု ပိုမိုပြင်းထန်လာသဖြင့် ရဲတပ်ဖွဲ့ဝင်များက အဆိုပါစခန်းနှစ်ခုအား စွန့်ခွာခဲ့ရကြောင်း၊ ဂုပ္ပိရဲကင်းစခန်းနှင့် ခထီးလှ ရဲကင်းစခန်းနှစ်ခုသည် နံနက် ၇ နာရီခွဲခန့်မှစ၍ တပ်မတော်စစ်ကြောင်းများ၏ လက်နက်ကြီးပစ်ကူရရှိခဲ့ပြီး ရဲကင်းစခန်းအတွင်းရှိ တပ်ဖွဲ့ဝင်များ၏ ကြံ့ကြံ့ခံ စနစ်တကျပြန်လည်ခုခံတိုက်ခိုက်မှုကြောင့် AA သောင်းကျန်းသူအဖွဲ့များက စခန်းနှစ်ခုအား သိမ်းပိုက်ရရှိရေး အင်အားအလုံးအရင်းဖြင့် ခြံစည်းရိုးကို အကြိမ်ကြိမ် ဖျက်ဆီးထိုးဖောက်သော်လည်း စခန်းအားသိမ်းပိုက်ရရှိမှုမရှိဘဲ ဝန်းရံပိတ်ဆို့ထားခဲ့ကြောင်း၊ နံနက် ၈ နာရီ ၁၀ မိနစ်မှစ၍ ၎င်းကင်းစခန်းများသို့ တပ်မတော် ရဟတ်ယာဉ်နှစ်စင်းဖြင့် ပစ်ကူပေးတိုက်ခိုက်ခဲ့သဖြင့် လည်းကောင်း၊ တပ်မတော်စစ်ကူစစ်ကြောင်းများက ဝိုင်းပတ်ပိတ်ဆို့ထားသည့် AA လက်နက်ကိုင်အဖွဲ့များကို ပစ်အားသုံး၍ တရစပ်ထိုးစစ်ဆင် ထိုးဖောက်ဝင်ရောက်တိုက်ခိုက်မှုကြောင့် လည်းကောင်း နံနက် ၉ နာရီခွဲခန့်တွင် စစ်ကူစစ်ကြောင်းများနှင့် ပူးပေါင်းမိသဖြင့် AA သောင်းကျန်းသူအဖွဲ့က အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

AA သောင်းကျန်းသူအဖွဲ့၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ငမြင်းဘော်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင် ကိုးဦးကျဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ကျောင်းတောင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင် နှစ်ဦးကျဆုံး၊ တစ်ဦးဒဏ်ရာရရှိပြီး ဂုပ္ပိရဲကင်းစခန်းမှ သုံးဦးဒဏ်ရာရရှိကာ ခထီးလှရဲကင်းစခန်းမှ နှစ်ဦးကျဆုံး၊ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း။

ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၃ ဦးကျဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ လက်နက်ငယ်မျိုးစုံ အလက် ၄၀၊ ခဲယမ်းမျိုးစုံ ၁၆၁၁၁ တောင့်၊ လက်ကိုင်စကားပြောစက် တစ်လုံး ဆုံးရှုံးခဲ့ကြောင်း၊AA သောင်းကျန်းသူအဖွဲ့ ဆုတ်ခွာရာ လမ်းကြောင်းတစ်လျှောက် တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းအဖွဲ့များက ပိတ်ဆို့ရှင်းလင်းလျက်ရှိပြီး ရဲကင်းစခန်းများရှိရာ ကျေးရွာလေးရွာမှ တိုင်းရင်းသား၊ တိုင်းရင်းသူများသည် ကျေးရွာများသို့ စွန့်ခွာတိမ်းရှောင်သွားသဖြင့် အဆက်အသွယ်ရရှိရေး ရှာဖွေလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကြောင့် အခြေအနေများကို ပိုမိုရှုပ်ထွေးစေပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေကာ ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှုများ မြင့်တက်လာစေနိုင်ရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိရောက်စွာ တုံ့ပြန်ချေမှုန်းနှိမ်နင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျောက်တံတားမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အလယ်ဘလောက်ရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်၌ ဇန်နဝါရီ ၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်းလွဲ ၁ နာရီခွဲက ကျောက်တံတားမြို့နယ် အမှတ် (၇) ရပ်ကွက် ဆိပ်ကမ်းသာလမ်း အလယ်ဘလောက်ရှိ သပြေပွင့်ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း အရောင်းဆိုင်ခန်းအတွင်း ထပ်ခိုးတွင်ထားရှိသည့် ရေခဲသေတ္တာမော်တာမှ လောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ မီးလောင်ရာသို့ ကျောက်တံတားမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **ပွင့်သစ္စာ**



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက်တွင် ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီခွဲခန့်က လျှပ်စစ်မီတာအထွက်ကြိုး အပူလွန်ကဲရာမှစ၍ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းမီးငြိမ်းသတ်နေစဉ်။ (မီးလောင်မှုကြောင့် နေအိမ်ကိုးလုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်) တင့်လွင်



## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၄**

မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်ဇူနယ်မြေရုံးမှ ရဲမှူး မျိုးမြင့် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) နယ်ခြားစောင့်တပ် Nikuchari ကင်းစခန်းမှ ဒုစခန်းမှူး Naib Subedar Md. Mahbubur Rahman ဦးစီးသည့်အဖွဲ့၊ စကားပြန်/လမ်းပြ တစ်ဦးတို့သည် ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၂)မှ (၄၃)ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဇရာနေနှင့်ဇရာ

ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"အသံ တိုးလှချည်လား. . .
"အင်း"
"ဆရာ ဘာမှပြန်မပြောဘူးနော်"
"ပြန်ပြောပါဦး ဆရာရဲ့"
"၂၀၁၈ ကုန်ပြီ"
"အဲဒါ ဘာဖြစ်လဲ ဆရာ"
"၂၀၁၉ ရောက်တော့မယ်"
"ဘာကိုဆိုလိုတာလဲ ဆရာရဲ့"
"နှစ်ဟောင်းကုန် နှစ်သစ်ကူးပေါ့"
"တစ်နှစ် အသက်ကြီးသွားတာပေါ့နော် ဆရာ"
"အဲဒါ ဇရာလေ"

**ဇရာဆိုသည်မှာ**

ဇရာ (n)old age; decrepitude; decay(Pali ဇရာ)
ဇရာထောင်း (v) suffer the ills and in firmities of old age
ဇရာအို (n) aged-person ဟု မြန်မာ-အင်္ဂလိပ် အဘိဓာန်(စာ-၁၄၈)တွင် အဓိပ္ပာယ်ဖွင့်သည်။

'လူအို' ဟူသော အဓိပ္ပာယ်ဖြစ်ပါသည်။ အိုပြီဆိုသောကြောင့် မပျိုတော့ပါ။ မသစ်လွင်တော့ပါ။ အဟောင်း၊ ဇရာထောင်းနေလေပြီ။

**အချိန်**

- အချိန်နှင့်ဒီရေသည် လူကိုမစောင့်။
- ရပ်မနေသောအချိန်၊ သွားနေသောနာရီ။
- ရင့်ကျက်ခြင်း၊ အိုမင်းခြင်း၊ ကူးပြောင်းခြင်း၊ ဟောင်းနွမ်းခြင်း၊ အတွေ့အကြုံများခြင်းတို့ပင် ဖြစ်ပေသည်။ ထိုသို့ ကျွန်တော်တွေးမိသည်။

**ပုပ်သိုးသောပန်းသီး**

တစ်နေ့က Facebook မှာ မိတ်ဆွေကြီး တရားလွှတ်တော်ရှေ့နေ ဦးစန်းလွင်က အမြင်တစ်ခု တင်သည်။ တန်ဖိုး(value) အကြောင်းပါ။

- ယနေ့ ပန်းသီးချိုချိုကလေး
- ယနေ့ ပန်းသီးတန်ဖိုး ငါးထောင်ကျပ်။(ဆိုပါစို့)
- မနက်ဖြန် ပန်းသီးတန်ဖိုး သုံးထောင်ကျပ်။
- သန်ဘက်ခါ ပန်းသီးတန်ဖိုး တစ်ထောင်ကျပ်။
- နောက်တစ်နေ့ ပန်းသီးတန်ဖိုးမှာ အလကားပေး (မယူ)။
- နောက်ဆုံးနေ့ ပန်းသီးတန်ဖိုးကား(ပုပ်သိုးသွား) အနားမကပ်တော့ပါ။ သူငါအများ မစားတော့ပါ။ တန်ဖိုးဆိုတာ အချိန်ပါပဲတဲ့။

သြော်-တန်ဖိုးအကြောင်း (ဥပမာ)တင်စား၍ Facebook မှာ ဦးစန်းလွင် ရေးခဲ့တာပါ။ ကောင်းပါ့ဗျာ။

ကျွန်တော်က "ချိုမြိန်သောပန်းသီးဘဝ၊ မပုပ်သိုးမီ စားလိုက်ကြ၊ ပုပ်သိုးပြီးမှ စွန့်ပစ်ရ၊ တန်ဖိုးမဲ့လှပ့်" ဟု Facebook တွင် ပြန်ရေးပေးလိုက်သည်။

ပြီးတော့ ငါလည်း မချိုမြိန်နိုင်တော့ဘူးလား။ ပုပ်သိုးတော့မည်လား။ ဇရာဘေးကို ပြေးတွေ့သွားမည်လား။ မအိုခင် ဘာလုပ်ရပ့်။

၂၀၁၈ အကုန်၊ ၂၀၁၉ နှစ်သစ်အကူး၊ နှစ်ဟောင်းကိုမလို၊ နှစ်သစ်ကိုတော့ တို့ကြိုဆိုရဦးမည်။ သက်ရှည်ကျန်းမာ၊ ရွှင်လန်းစွာနှင့်၊ မပုပ်မသိုးရအောင် စွမ်းဆောင်လျက် ဇရာသဘောကို အခက်မရှိ ကျော်လွှားကြည့်ကြဦးစို့။

**တန်ဖိုး**

တန်ဖိုး၏ အဓိပ္ပာယ်-
တန်ဖိုး (n) cost; price; value; worth
တန်ဖိုးဖြတ် (v) appraise; assess the value of sth.




တန်ရာတန်ကြေး (n) fair price; equitable price ဟူ၍ မြန်မာ-အင်္ဂလိပ် အဘိဓာန်(စာ-၁၈၆)တွင် အဓိပ္ပာယ်ဖွင့်သည်။

**ကိုယ်သာလျှင်**

အသက်ရှင်ခိုက် ဘဝမှာ ဘာတွေလုပ်ဆောင်ခဲ့ကြသလဲ။ ကိုယ်သာလျှင် ကိုယ့်ဘဝ ပဲ့ကိုင်ပါ။ ဘယ်သူမပြု မိမိမှု ဖြစ်ပါသည်။ အမှန်အမှား ပြန်စဉ်းစားကြပါစို့။

နှစ်ဟောင်းကုန်၊ နှစ်သစ်အကူး ရွှင်မြူးစွာနှင့် ပြန်လည်သုံးသပ်ကြည့်ကြစို့။ မိမိ၏အမှား၊ မိမိ၏အကျင့်အကြံ၊ ဘယ်ဟာအမှန်၊ ဘယ်ဟာအမှား ထင်ထင်ရှားရှား ပိုင်းခြား ကြည့်ကြစို့။ မလိမ်မညာ မှန်ကန်စွာ။

ကိုယ့်အတွက်(ငါ့အတွက်)၊ (ငါဆိုသောမာန်မာနဖြင့်)၊ (ငါ့အကျိုးသက်သက်ကိုသာ) လုပ်ဆောင်ခြင်း၊ ဘယ်သူသေသေ ငတေမာပြီးရော နေခဲ့လုပ်ခဲ့၊ ကျင့်ကြံခဲ့ကြခြင်း။ မကွယ်မရှက်၊ မထောက်မညှာ ပြန်လည်သုံးသပ်ကြပါစို့။

ကိုယ်လုပ်တာ သူများမသိ။ ကိုယ်ကိုယ်တိုင်သာ သိသည်။ သူတစ်ပါးကိုသာ လိမ်၍ရသည်။ ကိုယ့်ကိုယ်ကိုယ် လိမ်၍မရ။ ဖုံး၍မရ။ ဖိ၍မရ။

**ငါဟူသော အစွဲ**

**ငါစွဲ**

ခန္ဓာငါးပါးအစုသည် ငါပိုင်ဖြစ်၏။ ငါဖြစ်၏ဟူ၍ စွဲလမ်းခြင်း။ မိမိပြုလုပ်ဆောင်ရွက်သည်ကိုမှ မှန်သည်ဟု စွဲလမ်းခြင်း။

**ငါတကော ကော**

သူတစ်ပါးကို အမှုမထားဘဲ မိမိထင်ရာ ပြောဆိုပြုလုပ်ခြင်း။ ငါသာအမှန်။ ငါသာ အတတ်။

**မာန**

ထောင်လွှားတက်ကြွမှု၊ (Pali-မာန)
မာန (n) conceit; varity; arrogance; pride
မာနကြီး (v) be haughty; be arrogant
မာနခဲ (n) haughty young person
(မြန်မာ-အင်္ဂလိပ် အဘိဓာန် စာ-၃၃၈ တွင် ဖွင့်ဆိုချက်)

**လက်တွေ့**

အသက်က ကြီးလာပြီ။ ရပ်၍မနေ။ ကိုယ့်ဘဝ ကိုယ့်အရွယ်တွင် ကြုံခဲ့ဆုံခဲ့ရသည်များ၊ လက်တွေ့ဘဝများအပေါ် သုံးသပ်ကြည့်သောအခါ အမှားများစွာတွေ့ရမှာ။ အမှားများအပေါ် ပြုပြင်ဆင်ခြင်။ ရှေ့ဆက်ရမည့် အလုပ်ခရီး။ မပြီးနိုင်သေး။ စေတနာ ရေအေးဖြင့် တိုက်ကျွေး၍ လူ့တန်ဖိုးကို မြှင့်ဖို့လိုသေးသည်။ ကောင်းသောအယူ၊ ဖြူသောနှလုံး ကျင့်သုံးဆောင်ရွက်လျက် တရားမပျက်ရေး အလေးပေးကြရဦးမည်။ ငါသိ၊ ငါတတ်၊ ငါမြတ်အစွဲနှင့် စေတနာမဲ့ပြုခဲ့သမျှ နောင်တရသင့်ပြီ။ မလိမ်မညာ အဖြေရှာကြပါစို့။

**နောင်တ**

နောင်တသည် နောင်မှရကြစမြဲ။ သူတစ်ပါး၏ မျက်ချေးကိုသာမြင်၊ ကိုယ့်မျက်ချေးကို ကိုယ်မမြင်တတ်ကြသော လူ့သဘာဝ။ ကြေးမုံမှန်ထဲတွင် ရဲရဲကြီးကြည့်မှတွေ့သည်။ ဝေဖန်မှုကို မကြိုဆို။ သူတစ်ပါးအပြစ်ကိုသာ ထောက်ပြလေ့ရှိသော မိမိ၏အကျင့်ဆိုး။ တစ်ချိန်ချိန်တွင်မှ နောင်တရတတ်ပေသည်။ ထိုအခါ အသက်ကြီးပြီ။ အချိန်မရှိ။ သတိ။

**ဆရာဝန်ခြောက်ပါး**

ကျန်းမာမှ အလုပ်လုပ်နိုင်မည်။ ဆရာဝန်နှင့် ကုသမေးမြန်းဆည်းကပ်မှ ဇရာအလှ ရနိုင်မည်။ ဆေးဖိုးတွေ၊ ဆရာဝန်ခြေကြွခတွေ ဈေးကြီးနေ၍ ဖြစ်ပါ့မလား။ ပူစရာမရှိ။ ဒီလိုပါ။

အကောင်းဆုံး ဆရာဝန်ခြောက်ပါးကို Facebook မှာ မိတ်ဆွေတစ်ဦးက ရေးပြလမ်းညွှန် ပေးထားသည်။ မှတ်ဖွယ်မို့၊ ချွေတာရေးကျင့်ကြံဖို့ လက်ဆင့်ကမ်းပါရစေ။

(၁) နေဆာလှုံ (Sunshine)
(၂) ရေတဝသောက် (Water)
(၃) အနားယူ (Rest)
(၄) လေရှူ (Air)
(၅) လေ့ကျင့်ခန်းလုပ် (Exercise)
(၆) အစာကျေညက်စွာစား (Diet) တဲ့။

**နိဂုံး**

(၁) နှစ်သစ်ကို ကြိုဆိုလျက် တစ်နှစ်အိုပါပြီ။
(၂) ဇရာ အိုသော်လည်း စာမပြိုကျစေရပါ။
(၃) နုပျိုသော စာပေများ မွေးဖွားရဦးမည်။
(၄) 'ဇရာအိုနှင့် ကညာပျို' မဟုတ်သော်ငြား 'ဇရာအိုနှင့် စာတစ်ညို' ပြန့်ပွားရေး အလေးပေးပါမည်ခင်ဗျား။

## မယ်စဲ့မြို့၌(၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

**မယ်စဲ့ ဇန်နဝါရီ ၄**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို မြို့နယ်ခန်းမရှေ့၌ ဇန်နဝါရီ ၄ ရက်ကကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က ဖတ်ကြားကာ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းသိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်တွင်(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၄**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားများကို ဇန်နဝါရီ ၄ ရက် နံနက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နိုင်ငံတော်အလံအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က လွှင့်တင်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေး မှူး ဦးဝင်းကိုကိုနှင့် ဌာနဆိုင်ရာများ တက်ရောက်အလေးပြုခဲ့ကြသည်။

ယင်းနောက် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုက နိုင်ငံတော်သမ္မတထံမှပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်မြတ်နှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းဆရာ ဆရာမများ အင်အား ၂၀၀ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနား ဘားအံမြို့တွင်ကျင်းပ



**ဘားအံ ဇန်နဝါရီ ၄**
ကရင်ပြည်နယ် ဘားအံမြို့တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံကို အလေးပြုခြင်း၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားသည့် အခမ်းအနားတို့ကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်းကျောက်တိုင်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီ ၂၀ မိနစ်တွင် အလံတင်အခမ်းအနားကျင်းပပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၊ ရဲဘော်အပေါင်းတို့အား ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တက်ရောက်လာကြသူများက အလေးပြုခြင်းများဆောင်ရွက်ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဖတ်ကြားခဲ့သည်။

ဆက်လက်၍ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများအဖြစ် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သီရိကွင်းအတွင်း၌ ကျား/မအလွတ်တန်း မြို့ပတ်တာဝေးအပြေးပြိုင်ပွဲ၊ အသက် ၅၀ အထက် အမျိုးသားသီရိကွင်းသုံးပတ်အပြေးပြိုင်ပွဲ၊ အသက် ၄၀ အထက် အမျိုးသမီး သီရိကွင်းနှစ်ပတ်အပြေးပြိုင်ပွဲ၊ မူကြိုကလေးအားကစားပြိုင်ပွဲများ၊ ဘော်လီဘောပြိုင်ပွဲစသည့် ကစားပြိုင်ပွဲများကိုကျင်းပရာ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်



**ပဲခူး ဇန်နဝါရီ ၄**
(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ပဲခူးတိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ဘိလိယက်၊ စနူကာပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ၊ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ စာအုပ်ရွက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး ဇွန်းကိုက်ပြိုင်ပွဲ၊ အမျိုးသားအိတ်စွပ်ပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ သတ်မှတ်နေရာများတွင် ပြိုင်ပွဲများ အသီးသီးကျင်းပခဲ့သည်။

အဆိုပါပြိုင်အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အခြားဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ဥပဒေချုပ်ဦးအုန်းမြင့်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲကျင်းပ

**ပေါင် ဇန်နဝါရီ ၄**
(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ပေါင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ဖတ်ကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) မှ ထုတ်ဝေသော သတင်းစကားလက်ကမ်းစာစောင်ကို တက်ရောက်သူများအား ပေးဝေခဲ့ကြောင်း သိရသည်။



၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကွန်ပျူတာပန်းချီ၊ ကဗျာပြိုင်ပွဲများနှင့် မြို့နယ်အတွင်း လူမှုကူညီရေးဝန်ဆောင်မှုလုပ်ငန်းများ၊ စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုလွှာများ ချီးမြှင့်ခြင်း၊ ပျော်ပွဲရွှင်ပွဲများအဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲနှင့် အခြားပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။ **ကိုဟိန်း (ပေါင်)**

## မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၄**
(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အလံတင်အခမ်းအနားကျင်းပပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား တက်ရောက်လာသူများက အလေးပြုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဖတ်ကြားသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ စုစုပေါင်း ၃၂၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။
**သန်းဇော်မင်း(ပြန်/ဆက်)**

## (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၄**
၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်အလံတင်အခမ်းအနားကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အဆောက်အအုံရှေ့ မြက်ခင်းပြင်၌ ဇန်နဝါရီ ၄ ရက် နံနက်က ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က နိုင်ငံတော်အလံကို လွှင့်တင်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် အခမ်းအနားတက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ NGO များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ **ပြည်နယ် (ပြန်/ဆက်)**



## ၂၀၁၉ ခုနှစ် နှစ်သစ်ဆုတောင်းခြင်းအခမ်းအနား ချင်းပြည်နယ် ဟားခါးမြို့၌ကျင်းပ

**ဟားခါး ဇန်နဝါရီ ၄**
ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ် နှစ်သစ်ဆုတောင်းခြင်း၊ ကောင်းချီးမင်္ဂလာပေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဟားခါးမြို့ ကျိမ်နွဲ့ ခရစ်ယာန်မိတ်သဟာယအသင်း သိက္ခာတော်ရ ဆရာတော် Rev.Ngem Khawm Naing(CCF) နှင့် အသင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် သိက္ခာတော်ရ ဆရာတော် Rev.Pawl Ram Cung က အဖွင့်ဆုတောင်းခြင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က နှစ်သစ်ဦးအဖွင့် နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် ဆရာတော်များ၊ ဧည့်သည်တော်များက ကောင်းချီးမင်္ဂလာ (ထောမနာ) သီချင်းသီဆိုခဲ့ကြကြောင်း သိရသည်။
**ခရိုင် (ပြန်/ဆက်)**

# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲများ မြို့နယ်အသီးသီး၌ကျင်းပ



**ညောင်ရွှေ**
(၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက ဖတ်ကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် (၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

**ဒီမော့ဆို**
(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်က ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ် ငွေတောင်ဆည်ဘေးရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က ဖတ်ကြားသည်။

ယင်းနောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများကဆုများချီးမြှင့်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ရီရယ်(ဒီမော့ဆို)**

**ရေး**
(၇၁) ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မွန်ပြည်နယ် ရေးမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်က နိုင်ငံတော်အလံကို ဂုဏ်ပြုအလေးပြုခြင်းနှင့်အတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက ဖတ်ကြားသည်။

အခမ်းအနားသို့ ရေးမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ၊ ဘင်ခရာအဖွဲ့များ တက်ရောက်ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်း (ရေး)**

**ခင်ဦး**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းကို ဇန်နဝါရီ ၄ ရက် နံနက်က လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရေးပြိုင်ပွဲ၊ မာရသွန်ပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ပြီး တက်ရောက်လာသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကထုတ်ဝေသော လွတ်လပ်ရေးနေ့ သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။ **ခင်ဦးစိုးဝေ**



**ခရမ်း**
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့်သဝဏ်လွှာ ဖတ်ကြားခြင်းကို ဇန်နဝါရီ ၄ ရက် နံနက်က ခရမ်းမြို့ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

နိုင်ငံတော်အလံတော်အား မြို့နယ်ရဲတပ်ဖွဲ့မှ လွှင့်ထူပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းက နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

**တွံ့တေး**
ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ်တွင် (၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်၌ ကျင်းပခဲ့သည်။

ထို့နောက် အလံတင်အခမ်းအနားနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက ဖတ်ကြားခဲ့သည်။

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရပ်ကွက်နေပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးလှိုင် (တွံ့တေး)**



**ထီးချိုင့်**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီခွဲက မြို့မအားကစားကွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မာရသွန်ပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဇော်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်နှင့် ဦးမြင့်မော်တို့က ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပညာတန်ဆောင်စာပေဆုရ ရွှေညောင်မြေ မောင်စန်းမြင့် လူရည်ချွန် သချာင်္စွမ်းရည် သချာင်္အိုလံပစ် ဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြပြီး **(အပေါ်ပုံ)** ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**တနိုင်း**
ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ပုန်ခုန်းရပ်ကွက် တနိုင်းခပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြပြီးနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က ဖတ်ကြားသည်။

ထို့နောက် ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က ကြီးမှူးကျင်းပခဲ့သော လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူတို့က ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



**အင်းစိန်**
(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၄ နာရီမိနစ် ၂၀ တွင် ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းထဲရှိ မြက်ခင်းပြင် အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (အင်းစိန်)မှဦးဆောင်၍ နိုင်ငံတော်အလံအား လွှင့်ထူပေးခဲ့သည်။

ထို့နောက် ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ဖတ်ကြားပြီး **(အပေါ်ပုံ)** ပညာရေးဌာနမှ ကျောင်းသား ကျောင်းသူလေးများကအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **ဗြဇ**

## ဘိုကလေးမြို့၌ လွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားနှင့် လူထုအားကစားလှုပ်ရှားမှု အကောင်းဆုံးဆုများ ချီးမြှင့်

**ဘိုကလေး ဇန်နဝါရီ ၄**
(၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ စာပေနှင့် အားကစားလှုပ်ရှားမှု ထူးချွန်ဆုများကိုပါ ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံတော်အလံ လွှင့်တင်ခြင်း၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ဖတ်ကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်နှင့် တာဝန်ရှိသူများက လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကဗျာ၊ စာစီစာကုံး၊ ပန်းချီဆုရ ကျောင်းသား ကျောင်းသူများနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ စစ်တုရင်လူသစ်တန်းပြိုင်ပွဲ၊ စစ်တုရင်အလွတ်တန်းပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့အပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးအတွက် ပြုလုပ်ခဲ့သည့် ဒီဇင်ဘာလ အားကစားလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များမှ ဆုရ ရပ်ကွက်များအား ပထမ၊ ဒုတိယ၊ တတိယနှင့် ကျောင်းများအနက် ကျောင်းသုံးကျောင်း ရွေးချယ်၍ အထူးဆု သုံးဆု ထည့်သွင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများအဖြစ် အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက မြို့နယ် ပြည်သူ့အားကစားကွင်းနှင့် ကျေးရွာအချို့တွင် ကျင်းပခဲ့ကြကြောင်း သိရသည်။

အားကစားပြိုင်ပွဲများကို မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၅၀ အပြေးပြိုင်ပွဲများ၊ သံလုံးပစ်၊ သံပြားပစ်နှင့် လှံတံပစ်ပြိုင်ပွဲများ၊ လွန်ဆွဲပြိုင်ပွဲများနှင့် အိပ်စွပ်အပြေးပြိုင်ပွဲများပါဝင်ပြီး ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။ ထို့နောက် ဆုရရှိသူများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်မြတ်နှင့်တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



# ငါ့သရောက်မြို့ ဗိုလ်ချိုဘုရားပွဲနှင့် ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ငါ့သရောက် ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့တွင် နှစ်စဉ်ကျင်းပလျက်ရှိသော ဗိုလ်ချိုဘုရားပွဲနှင့် ဈေးပွဲတော်ကို ပြာသိုလဆန်း ၁၀ ရက်မှ ပြာသိုလကွယ်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဗိုလ်ချိုဘုရား (မြနန္ဒာကျောက်ထီးဘုရား) ဂေါပကအတွင်းရေးမှူး ဦးနေလင်းထံမှ သိရသည်။

အဆိုပါ ဗိုလ်ချိုဘုရားပွဲဈေးပွဲတော်မှာ ငါ့သရောက်မြို့၌ ရှေးအစဉ်အဆက်ကတည်းက ကျင်းပလာသည့်ပွဲတော်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ၁၂ ပွဲဈေးသည်များ လာရောက်ရောင်းချကြကာ အဝတ်အထည်နှင့် လူသုံးကုန်များ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းကိရိယာများ လာရောက်ရောင်းချကြသည့် ပွဲတော်တစ်ခုဖြစ်ရာ ငါ့သရောက်နယ်ဒေသခံ တောင်သူလယ်သမားများအတွက် အသုံးဝင်သောပစ္စည်းများဖြစ်၍ ပတ်ဝန်းကျင်ကျေးရွာများမှ ကားများ၊ လှည်းများဖြင့် လာရောက်ဝယ်ယူလေ့ရှိကြောင်း သိရပြီး ဆိုင်ခန်းပေါင်း ၂၈၀ ကျော် ဆောက်လုပ်မည်ဖြစ်ကာ ဗိုလ်ချိုဘုရားကြီး (မြနန္ဒာကျောက်ထီးဘုရား) ဆွမ်းကပ် ဆွမ်းရေစက်ချခြင်းကို ပြာသိုလပြည့်ကျော် ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဗိုလ်ချိုဘုရား (မြနန္ဒာကျောက်ထီးဘုရား)ကြီးသည် နယ်ချဲ့တော်လှန်ရေးသူရဲကောင်း ပုဂံဗိုလ်ချိုနှင့် သားနှစ်ယောက်ကို အင်္ဂလိပ်တို့က ကားစင်တင်ကြိုးပေးသတ်ခဲ့သည့် မြနန္ဒာကန်တော်ကြီးထိပ်တွင် ဗိုလ်ချိုဘုရားတည်ထားခဲ့ကြောင်း ဗိုလ်ချိုကိုကြိုးမပေးခင် ကြိုက်တဲ့သူနှင့် စကားပြောနိုင်ကြောင်းခွင့်ပေးခဲ့ရာမှ သူ၏ငယ်သူငယ်ချင်း ဦးမြင့်လှိုင်အား သင်္ကေတဘာသာစကားဖြင့် တော်လှန်ရေး ရန်ပုံငွေများ၊ ဒင်္ဂါးများ မြှုပ်နှံထားခဲ့ရာနေရာလေးနေရာအား ပြောပြကာ တူးဖော်ဘုရားတည်စေခဲ့ကြောင်း၊ ကျောက်စိုင်ကျောက်သား ကျောက်အုတ်များဖြင့် သာဘုရားတည်စေခဲ့ရာ ဘုရားထီးတော်သည်လည်း ကျောက်ထီးဖြစ်ကြောင်း၊ အုတ်တံတိုင်းသည်လည်း ကျောက်အုတ်တံတိုင်းဖြစ်နေကာ မြနန္ဒာကျောက်ထီးဘုရားခေါ်တွင်နေကြောင်း စာရေးဆရာ ဗိုလ်ချိုမြေ မြင့်ဆွေက ပြောပြ၍ သိရသည်။

**ကိုထိန် (ငါ့သရောက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၄**

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား (TSDP) မြို့နယ်အလိုက် အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပကြောင်း သိရသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဟိုပုံးမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲ၌ ဖယ်ခုံမြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်းနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံ့ဆိုင်းတို့က ပူးတွဲတတိယဆုရရှိသော ညောင်ရွှေမြို့နယ်အသင်းနှင့် ရပ်စောက်မြို့နယ်အသင်းတို့ကို ငွေသားကျပ် ၂၀၀၀၀၀ စီကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးလှဦးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးတို့က ဒုတိယဆုရရှိသော ဟိုပုံးမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားကျပ် ၅၀၀၀၀၀ ကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်းက နေရာအလိုက်နှင့် အကောင်းဆုံးဘောလုံးအားကစားသမားဆု ရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားကျပ် ၅၀၀၀၀ စီကိုလည်းကောင်း၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က ပထမဆုရရှိသော ဖယ်ခုံမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားကျပ် ၇၀၀၀၀၀ နှင့် ပထမဆုဖလားတို့ကို အသီးသီးချီးမြှင့်ပေးကြကြောင်း သိရသည်။**(အောက်ပုံ)**

**မောင်မောင်သန်း(တောင်ကြီး)**



# (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ နိုင်ငံခြားသားများအပါအဝင် အားကစားသမား ၃၀၀၀ ခန့်ပါဝင်ဆင်နွှဲ



**မန္တလေး ဇန်နဝါရီ ၄**

မြို့တော်နေပြည်သူများ ကျန်းမာကြံ့ခိုင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၆ နာရီခွဲက ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး အလွတ်တန်း၊ အမျိုးသား အမျိုးသမီး လူသစ်တန်းပြိုင်ပွဲများ ပါဝင်ပြီး အားကစားနှင့် ကာယပညာသိပ္ပံသင်တန်းသားသင်တန်းသူများ၊ မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်များ၊ သက်ကြီးအားကစားသမားများ၊ နိုင်ငံခြားသားများ ပါဝင်ဆင်နွှဲကြသည်။ ပြိုင်ပွဲဝင် အားကစားသမားများသည် ၂၆ လမ်းအတိုင်း လမ်း ၈၀ အထိ၊ ၎င်းမှ လမ်း ၈၀ အတိုင်း ၁၂ လမ်းအထိ၊ ၎င်းမှ ၁၂ လမ်းအတိုင်း ၇၃ လမ်းအထိ၊ ၇၃လမ်းမှ မန္တလေးတောင်ပတ်လမ်း၊ ၁၀ လမ်းမှ ၆၂ လမ်းအထိ၊ ၆၂ လမ်းအတိုင်း ငုရွှေဝါလမ်းအထိ၊ ငုရွှေဝါလမ်းမှ ၆၈ လမ်းအတိုင်း မန္တလာသီရိအားကစားကွင်းအထိ ၁၃ မိုင် သတ်မှတ်ထားသည်။

အလွတ်တန်း အမျိုးသား အမျိုးသမီးပြိုင်ပွဲ ပထမဆုကျပ်သိန်း ၃၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၊ တတိယဆုကျပ် ၁၅ သိန်း၊ စတုတ္ထဆုကျပ် ၁၀ သိန်း၊ ပဥ္စမဆုကျပ်ရှစ်သိန်း၊ ဆဋ္ဌမဆုကျပ်ခြောက်သိန်း၊ သတ္တမဆုကျပ်လေးသိန်း၊ အဋ္ဌမဆုကျပ် ၃၅၀၀၀၀၊ နဝမဆု ကျပ် ၃၀၀၀၀၀၊ ဒသမဆု ကျပ် ၂၅၀၀၀၀ နှင့် နှစ်သိမ့် (၁) မှ (၅) အထိ ကျပ် ၁၀၀၀၀၀ နှုန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များကလည်းကောင်း၊ လူသစ်တန်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုကျပ်သိန်း ၃၀၊ ဒုတိယဆုကျပ်သိန်း ၂၀၊ တတိယဆုကျပ် ၁၅ သိန်း၊ စတုတ္ထဆုကျပ် ၁၂ သိန်း၊ ပဥ္စမဆုကျပ် ၁၁ သိန်း၊ ဆဋ္ဌမဆုကျပ် ၁၀ သိန်း၊ သတ္တမဆုကျပ်ကိုးသိန်း၊ အဋ္ဌမဆုကျပ်ရှစ်သိန်း၊ နဝမဆုကျပ်ခုနစ်သိန်း၊ ဒသမဆုကျပ်ခြောက်သိန်းနှင့် နှစ်သိမ့်ဆု (၁) မှ (၅) အထိ တစ်ဦးလျှင် ၁၅၀၀၀၀ နှုန်း၊ နှစ်သိမ့်ဆု (၆) မှ (၁၀) အထိ တစ်ဦးလျှင်ကျပ်တစ်သိန်းနှုန်း၊ နှစ်သိမ့်ဆု (၁၁) မှ (၁၅) အထိတစ်ဦးလျှင် ရှစ်သောင်းနှုန်းနှင့် နှစ်သိမ်ဆု (၁၆) မှ (၂၀) အထိ တစ်ဦးလျှင် ခြောက်သောင်းနှုန်းကို မြို့တော်ဝန်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ သက်ကြီးတန်း ပန်းဝင်သူငါးဦးအား ငွေကျပ်နှစ်သိန်းနှုန်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း၊ နိုင်ငံခြားသားပန်းဝင်သူများအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှူးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

**မကွေး ဇန်နဝါရီ ၄**

၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုခြင်းကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ ၂၀ မိနစ်က မကွေးတိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ဖတ်ကြားသည်။

အဆိုပါ လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ သူနာပြုသားဖွားသင်တန်းကျောင်းနှင့် ပညာရေးကောလိပ်တို့မှ သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၄၀၀ ကျော် တက်ရောက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လွတ်လပ်ရေးကြေညာစာတမ်းများနှင့် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# မင်းဘူးမြို့ နဂါးပွက်တောင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**မင်းဘူး ဇန်နဝါရီ ၄**



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ နဂါးပွက်တောင်လမ်း ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည့် ဇန်နဝါရီ ၄ ရက် နံနက်၉နာရီခွဲက အဆိုပါ လမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကာ ဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

ယခုဖွင့်လှစ်ခဲ့သည့် မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ နဂါးပွက်တောင်လမ်း ကိုယ်ထူကိုယ်ထ ကွန်ကရစ်မှာ အရှည်ပေ ၇၅၀၊ လမ်းအကျယ် ပေ ၁၀၊ ဒု ၉ လက်မရှိပြီး နဂါးပွက်တောင် သာယာလှပရေးအဖွဲ့မှ ထည့်ဝင်ငွေ ကျပ်သိန်း၂၅၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ၁၃၅ သိန်း၊ ပြည်သူ လူထုထည့်ဝင်ငွေကျပ် သိန်း ၁၅၀ စုစုပေါင်းငွေကျပ် ၅၃၅ သိန်းဖြင့် အကုန်အကျခံ ခင်းခဲ့သည့် လမ်းမကြီးဖြစ်ကြောင်း၊ လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းထံမှ သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းဖွင့်လှစ်နိုင်ခဲ့သည့်အတွက် လာမည့် မန်းရွှေစက်တော်ဘုရားပွဲတော် ကာလတွင် နဂါးပွက်တောင်သို့ လာရောက်လည်ပတ်သည့် ဘုရားဖူးယာဉ်များ၊ ဒေသခံပြည်သူများ သွားလာရေးပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေး)**

# ဖြူးမြို့နယ်၌ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များထုတ်ပေး

**ဖြူး ဇန်နဝါရီ ၄**

တောင်ငူခရိုင် ဖြူးမြို့နယ် လူမှုဖူလုံရေးရုံး၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးတာဝန်ခံ အရာရှိ ဒေါ်ကေသီခိုင်က အဖွင့်အမှာစကားပြောကြားပြီး အကျိုးခံစားခွင့်ရရှိသည့် အာမခံအလုပ်သမားများအား လုပ်အားဆုံးရှုံးမှု ၇၀ ရာခိုင်နှုန်းအတွက် အမြဲတမ်း ငွေလုံးငွေရင်း အကျိုးခံစားခွင့်အပါအဝင် အခြားအကျိုးခံစားခွင့်များကို တစ်ဦးချင်း ပေးအပ်သည်။

ထို့နောက် အကျိုးခံစားခွင့်ရရှိသည့် အလုပ်သမားများကိုယ်စား ဦးလင်းအောင်ချိုကလည်းကောင်း၊ အလုပ်ဌာနများ၏ကိုယ်စား ဆင်ဖြူတော်အဆင့်မြင့်သကြားစက်ရုံမှတာဝန်ခံ ဦးခင်မောင်ဝင်းက လည်းကောင်း ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့တာဝန်ခံ ဒေါ်ကေသီခိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကျိုးခံစားခွင့်ရရှိသည့် အလုပ်သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန်ဂျန်ရှားသစ် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးရေး ကြိုးပမ်းမည်

**ရန်ကုန် ဇန်နဝါရီ ၄**

စက္ကူပျော့ဖတ်နှင့် တန်ဖိုးမြင့်သစ်များကဲ့သို့ အသုံးပြုနိုင်သော မန်ဂျန်ရှားသစ်ကို မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မန်ဂျန်ရှား စိုက်ပျိုးသူများအသင်း (ယာယီ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီသစ်က ကာလတိုတိုနဲ့ထွက်နိုင်တဲ့သစ်ပါ။ ကျွန်တော်တို့နိုင်ငံမှာ ကျွန်း၊ ပိတောက်၊ တမလမ်း အစရှိတဲ့သစ်တွေက ရင်းနှီးမြှုပ်နှံသူတွေအတွက်အချိန်အများကြီးပေးရပါတယ်။ မန်ဂျန်ရှားကတော့ အချိန်ကာလတိုတိုနဲ့ သစ်ထုတ်နိုင်တာဆိုတော့ ရင်းနှီးမြှုပ်နှံသူတွေ အတော်လေးစိတ်ဝင်စားနေကြတယ်။ အချိန်အနည်းဆုံး ၁၂ နှစ်ဆိုရင် တန်းဝင်သစ်ထုတ်လုပ်နိုင်တဲ့ သစ်အဆင့်ရောက်ပါတယ်။ သစ်ထုတ်ရာမှာ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းက ငါးနှစ်သက်တမ်းဆိုရင် ပင်ကျပ်ခုတ်ပါတယ်။ ခုတ်လိုက်တဲ့သစ်တွေကို စက္ကူပျော့ဖတ်၊ မျှောတိုင်၊ ကြိတ်သား၊ အထပ်သားတွေအဖြစ် သုံးနိုင်ပြီးတော့ ခုတ်လို့ကျန်တဲ့သစ်တွေက စုစုပေါင်း ၁၂ နှစ်ဆိုရင် အရည်အသွေး ကျွန်းလောက်နီးပါးကောင်းတဲ့ သစ်ထုတ်လုပ်နိုင်ပါတယ်" ဟု မြန်မာနိုင်ငံ မန်ဂျန်ရှား စိုက်ပျိုးသူများအသင်းမှ အတွင်းရေးမှူး ဦးအောင်ကိုလွင်က ပြောသည်။

အဆိုပါ မန်ဂျန်ရှားသစ်ကို တစ်ဧက အပင် ၁၂၀၀ နှုန်းဖြင့် ခြောက်ပေပတ်လည်ခြား၍ စိုက်ပျိုးရကြောင်း၊ ငါးနှစ်သားအရွယ်တွင် ပင်ကျပ်ခုတ်ရကြောင်း၊ ပူအိုက်စွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်ကြောင်း၊ မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးကြပြီး တစ်နိုင်ငံလုံးတွင် ဧက ၃၀၀၀၀ နီးပါး စိုက်ပျိုးထားကြောင်း သိရသည်။ မြန်မာနိုင်ငံ မန်ဂျန်ရှား စိုက်ပျိုးသူများအသင်းကို ၂၀၁၈ ခုနှစ်အောက်တိုဘာ ၁၀ ရက်တွင် ယာယီအားဖြင့် ထူထောင်ထားပြီး တောင်ဥက္ကလာပမြို့နယ် ကျော်သူလမ်းရှိ တင့်တယ်ဟိုတယ်၌ မန်ဂျန်ရှားစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသင်းသားများက စည်းဝေးခဲ့ကြသည်။ ၎င်းအသင်းမှ မန်ဂျန်ရှားသစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်ရေးအတွက် ရည်မှန်းချက်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## စာပေမြင့်မှ လူမျိုးတင့်မည်

# တရားရင်ဆိုင်ရတော့မယ့် အက်ဒ်ရှီးရန်



ဗြိတိန်ရဲ့ ကျော်ကြားတဲ့ ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ အက်ဒ်ရှီးရန်ဟာ ဂန္ထဝင်သီချင်းတစ်ပုဒ်ကို ပုံတူကူးချခဲ့ကြောင်း စွပ်စွဲခံခဲ့ရပြီးနောက် ပေါ့ပ်ကြယ်ပွင့်က ဒီစွပ်စွဲမှုတွေကို ပယ်ဖျက်ပေးဖို့ရာ တောင်းဆိုခဲ့ပေမယ့် တရားရုံးက ငြင်းပယ်လိုက်ပါတယ်။ ဒါ့အပြင် တရားရုံးက အက်ဒ်ရှီးရန်ကို ဒီကိစ္စနဲ့ပတ်သက်ပြီး တရားရင်ဆိုင်ဖို့ရာ တွန်းအားပေးခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမေရိကန်လူမျိုး တရားသူကြီးတစ်ဦးက အက်ဒ်ရှီးရန်ရဲ့ စွပ်စွဲခံရမှုတွေ ပယ်ဖျက်ပေးဖို့ရာ တောင်းဆိုမှုကို ငြင်းပယ်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာကျော် တေးရေး၊ တေးဆိုတစ်ဦးဖြစ်သူ အက်ဒ်ရှီးရန်ဟာ သူ့ရဲ့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ "Thinking Out Loud"တေးသီချင်းဟာ တေးသံရှင် မာဗင်ဂေးရဲ့ ၁၉၇၃ ခုနှစ် အတွင်း ထွက်ရှိခဲ့တဲ့ ဂန္ထဝင်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ " Let's Get It On"ကို ကူးယူထားတာဖြစ်ကြောင်း စွပ်စွဲခံခဲ့ရတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာ အမေရိကန် ခရိုင်တရားသူကြီး လူးဝစ်စတန်တန်က အက်ဒ်ရှီးရန်ကို စွပ်စွဲခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး တရားရင်ဆိုင်ဖို့ရာ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ စတန်တန်က "Thinking Out Loud"နဲ့ " Let's Get It On"တေးသီချင်းတို့အကြား တူညီမှုတွေ များစွာတွေ့ရှိရကြောင်း၊ တေးဂီတပိုင်းမှာလည်း တီးခတ်တဲ့ တူရိယာတွေပါ တူညီနေတာကိုတွေ့ရကြောင်းနဲ့ " Let's Get It On"ရဲ့ တေးသီချင်းကာရန်တွေဟာ အက်ဒ်ရှီးရန်ရဲ့ တေးသီချင်းစာသားတွေနဲ့ နှိုင်းယှဉ်ပါက မူပိုင်ခွင့်ဥပဒေအရ အရေးယူနိုင်ခြင်းရှိ၊ မရှိကို တရားသူကြီးရဲ့ အဆုံးအဖြတ်ကို ခံယူကြရမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

အက်ဒ်ရှီးရန်ကတော့ ဒီစွပ်စွဲမှုတွေအပေါ် ငြင်းဆိုထားပြီး မာဗင်ဂေးရဲ့ တေးသီချင်းကို တုပကူးချထားခြင်းမရှိဘူးလို့ ပြောကြားခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

# ငါးယောက်မြောက် ရင်သွေးလေး ရခဲ့ပြီဖြစ်တဲ့ ဂေါ်ဒန်ရမ်ဆေး



ရုပ်သံအစီအစဉ်မှာ ပင်တိုင်ပါဝင်တင်ဆက်သူ စားဖိုမှူးတစ်ဦးဖြစ်တဲ့ ဂေါ်ဒန်ရမ်ဆေးနဲ့ ဇနီးဖြစ်သူ တာနာတို့ဟာ လတ်တလောမှာတော့ ငါးယောက်မြောက် ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်း စကိုင်းနယူးစ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နှစ်သစ်မှာ ရင်သွေးလေးတစ်ဦး ထပ်မံရရှိနေပြီဖြစ်ကြောင်း ဂေါ်ဒန်ရမ်ဆေးက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဗီဒီယိုဖိုင်တစ်ခုနဲ့အတူ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဂေါ်ဒန်မှာ ယခင်က ရင်သွေးလေးဦး ရရှိထားပြီးဖြစ်ပါတယ်။ သူတို့ကတော့ အသက် ၂၀ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မက်ဂန်၊ ၁၇ နှစ်အရွယ် မက်တယ်ဒါ၊ အမြွှာတွေဖြစ်ကြတဲ့ ၁၉ နှစ်အရွယ် ဂျက်ခ်နဲ့ ဟိုလီတို့ ဖြစ်ကြပါတယ်။

အေး
ပြည့်
စု
စည်း
သည်

## လေးစားဂုဏ်ယူပါကြောင်း
## မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲဖြင့် ထုတ်ပြန်ချက်ပါ "၂၀၂၀ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရေး သန္နိဋ္ဌာန်ချထားကြောင်းနှင့် တပ်မတော်အနေဖြင့် သန္နိဋ္ဌာန် အတိုင်း ဖြစ်မြောက်အောင်ဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူလူထုလိုလား တောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို ပြည်သူလက်သို့ အရောက် အပ်နှင်းမည်ဟူသည့်သန္နိဋ္ဌာန်"ကို မြို့မကျောင်းသား၊ ကျောင်းသူဟောင်း အသင်းအနေဖြင့် များစွာလေးစားဂုဏ်ယူပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**

**မြို့မကျောင်းသား၊ကျောင်းသူဟောင်းအသင်း (အထက-၂ ဒဂုံ/အထက-၃ ဒဂုံ)**

## "သီဟသုဓမ္မသိင်္ဂီ ဒေါ်ဝေဝေ" အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ လုံးတောရွာတွင် ရွှေတိဂုံပုံတူ "မဟာဇေယျသုခ လောကချမ်းသာ"စေတီတော်မြတ်ကြီး နှင့် ဘုရားကျောင်းတည်ဆောက်လှူဒါန်းခြင်းများ၊ မြို့နယ် လုံးကျွတ်ဆရာတော်များပူဇော်ခြင်း၊ ရဟန်းခံရှင်ပြုနှင့် သက်ကြီးဘိုးဘွားများအားပူဇော်ခြင်း တို့ကို (၁၁)နှစ်တိုင်တိုင် ဘာသာသာသနာကိုလေးစားချီးမြှောက် အားပေးဆောင်ရွက်ခဲ့ပါသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်၊ ကမ္ဘာ့ဇလမ်းသွယ်(၁)၊ အမှတ်(၈၀/ဗီ)နေ ဝဏ္ဏကျော်ထင် ဦးညဏ်ထွန်းအောင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၏ဇနီး ဒေါ်ဝေဝေသည် ၂၀၁၉ ခုနှစ်၊ လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်သည့် **သီဟသုဓမ္မသိင်္ဂီ**ဘွဲ့ထူးကို ထိုက်ထိုက်တန်တန်ရရှိကြောင်း သိရှိရပါသဖြင့် နွားထိုးကြီးမြို့နယ်အသင်း (ရန်ကုန်)နှင့် နွားထိုးကြီးမြို့နယ်သူ/ သားများမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ဘွဲ့ထူးဂုဏ်ထူးများ ထပ်မံရရှိပါစေကြောင်း ဆန္ဒပြုဖော်ပြအပ်ပါသည်။

**နွားထိုးကြီးမြို့နယ်အသင်း(ရန်ကုန်)နှင့် နွားထိုးကြီးမြို့နယ်သူ/သား**

## အထက(၂)မှော်ဘီ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

မှော်ဘီမြို့၊ အထက(၂) မှော်ဘီတွင် အနည်းဆုံး(၅)နှစ်ပြည့် တာဝန်ထမ်းဆောင်၍ အသက်(၆၀)ပြည့်ပြီး ပင်စင်ယူထားသော ဆရာကြီး/ဆရာမကြီးများအား တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ဂါရဝပြုရန် (၁၂) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မြို့နယ်အသီးသီးရှိ တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများမှ တက်ရောက်ပူဇော်ကြပါရန်နှင့် အလှူငွေများထည့်ဝင်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားနိုးဆော်အပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်ရက် | - ၂၀-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - နံနက် ၉နာရီ |
| ကျင်းပမည့်နေရာ | - ရွှေရတုခန်းမ၊ အထက(၂)မှော်ဘီ |

**ဆက်သွယ်လှူဒါန်းလိုပါလျှင်-**

| | |
|---|---|
| ၁။ ဒေါက်တာစောကလယ်ခူ | ဖုန်း-၀၉-၅၁၆၅၈၁၄၊ ၀၉-၂၅၆၅၆၉၄၈၁ |
| ၂။ ဒေါ်အေးအေးစိုး | ဖုန်း-၀၉-၄၂၀၁၉၉၂၂၈ |
| ၃။ ဦးမောင်မောင်ဦး | ဖုန်း-၀၉-၇၉၀၁၄၁၃၆၅ |
| ၄။ ဒေါ်မိုးစန္ဒာ | ဖုန်း-၀၉-၅၀၃၈၁၂၆ |
| ၅။ ကိုသိန်းတိုး | ဖုန်း-၀၉-၄၂၀၁၀၃၀၅၇ |
| ၆။ မသီတာအောင် | ဖုန်း-၀၉-၄၂၀၂၃၅၄၈၀ |
| ၇။ မခိုင်ငြိမ်းဝေ | ဖုန်း-၀၉-၇၉၈၂၀၂၁၇၇ |
| ၈။ ကိုအောင်မင်းထွန်း(ခ)ဂျပန် | ဖုန်း-၀၉-၄၂၀၀၉၂၀၂၁ |
| ၉။ ဒေါ်ခိုင်မာထွေး | ဖုန်း-၀၉-၄၃၀၃၄၃၃၀ |
| ၁၀။ ကိုတင်အောင်မြင့် | ဖုန်း-၀၉-၄၂၀၈၅၈၆၂၂ |
| ၁၁။ မအေးသီတာ | ဖုန်း-၀၉-၇၉၈၃၈၅၀၃၀ |
| ၁၂။ ကိုဇော်ဇော်ထိုက် | ဖုန်း-၀၉-၉၆၄၂၅၅၁၇၇ |

**Bank-Account** - ဦးမောင်မောင်ဦး
- 07930207900100901
- ကမ္ဘောဇဘဏ်-ထောက်ကြန့်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ တိုက်အမှတ်(၁၉)၊ ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂½' x ၅၀')အကျယ်ရှိ ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးပြည့်စိုးအောင်(၁၂/သဃက(နိုင်)၀၆၁၇၇၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးအောင်ကြိုင် (LL.B,LL.M)
အထက်တန်းရှေ့နေ(စဉ်–၂၄၅၈၉)
ဖုန်း – [illegible]

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ



# ဂုဏ်ယူဝမ်းမြောက်လွှာ

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ဥက္ကဋ္ဌ၊ Super One Holdings Co., Ltd. ၏ ဥက္ကဋ္ဌ & CFO **ဒေါ်စန်းစန်းရီ** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ထံမှ သာသနာတော်ဆိုင်ရာ **သုဓမ္မသီဂီ** ဘွဲ့တံဆိပ် အပ်နှင်းခံရခြင်း အား လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဒေါ်မြမြအေး၊ ဒေါ်သိန်းသိန်းညွန့်၊ ဒေါ်ခင်သန်းမြင့်
တရားလွှတ်တော်ရှေ့နေကြီးများ

# ဂုဏ်ယူဝမ်းမြောက်လွှာ

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ဥက္ကဋ္ဌ၊ Super One Holdings Co., Ltd. ၏ ဥက္ကဋ္ဌ & CFO **ဒေါ်စန်းစန်းရီ** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ထံမှ သာသနာတော်ဆိုင်ရာ **သုဓမ္မသီဂီ** ဘွဲ့တံဆိပ် အပ်နှင်းခံရခြင်း အား လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးဝေတင့် ( ဥက္ကဋ္ဌ မုံရွာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ)
ဦးကျော်မြင့် (ချမ်းမြေ့အောင် ကြာဆံ၊ ခေါက်ဆွဲစက်ရုံ)
ဦးအောင်စိုးလွင် (ဇမ္ဗူမော်လဝင်း ကြာဆံစက်ရုံ)

# ဂုဏ်ယူဝမ်းမြောက်လွှာ

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ဥက္ကဋ္ဌ၊ Super One Holdings Co., Ltd. ၏ ဥက္ကဋ္ဌ & CFO **ဒေါ်စန်းစန်းရီ** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ထံမှ သာသနာတော်ဆိုင်ရာ **သုဓမ္မသီဂီ** ဘွဲ့တံဆိပ် အပ်နှင်းခံရခြင်း အား လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

စက်ရုံမှူး နှင့် ဝန်ထမ်းများ
(၁) မကွေးဆပ်ပြာစက်ရုံ
(၂) ဘီးလင်းသကြားစက်ရုံ
(၃) ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)

**အများသိစေရန်ကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၂၈၆၊ မြေကွက်တည်နေရာအမှတ်(၂၈၆)၊ သီဂီ(၁)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သန်းအေး [၁၂/သကတ(နိုင်)၀၁၈၁၄၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းအေးထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၄၀၆/၂၀၁၈ (၁၅-၂-၂၀၁၈)အရ ပိုင်ဆိုင်လာသူ ဦးဆန်းလွင် [၁၂/သကတ(နိုင်)၀၀၀၉၅၀]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ အဆိုပါ နှစ်(၆၀)ဂရန်မူရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း အခြားတစ်ဦးတစ်ယောက်သို့ လွှဲပြောင်းရောင်းချ၊ ပေါင်နှံထား၊ ပေးကမ်း၊ စွန့်လွှတ်၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ လျှုဒါန်းထားခြင်းတို့ ကင်းရှင်းပါကြောင်း (၁-၂-၂၀၁၈) ရက်စွဲပါ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ မူလက ဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် သကတ/၅-၀၀၂၁/၉၃ (၂၃-၈-၁၉၉၃)ဖြင့် ဒေါ်သန်းအေးအမည်ပေါက် မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



ကျေးဇူးရှင်မိဘနှစ်ပါးအားဦးထိပ်ထားလျှက် မဟာဝိဇယဘုရားမှ
ဝိဇ္ဇာဓါတ် မနောစွမ်းရည် (အကြားအမြင်) ပါရမီရှင်
## ဆရာမကြီးဒေါ်မြင့်မိုရ်ခင်
စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စအဝဝနှင့်
အချစ်ရေး အိမ်ထောင်ရေးအထူး(သီးသန့်)ဟောပေးသည်။
နံနက်(၉)နာရီမှ ညနေ(၅)နာရီထိ
ဆိုင်အမှတ်(၁)၊ မဟာဝိဇယဘုရား၊ မြောက်ဘက်မုခ်၊ Ph-09421097827

ရန်ကုန်စီးပွားရေးတက္ကသိုလ်
**(၅၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်လျှောက်လွှာခေါ်ယူခြင်း၊**
**ကြေညာချက်**

(၂၀၁၇-၂၀၁၈)ပညာသင်နှစ်အတွက် ၂၀၁၈ခုနှစ်၊ မတ်လနှင့် စက်တင်ဘာလတို့တွင် စာမေးပွဲကျင်းပခဲ့သော စတုတ္ထနှစ်၊ တတိယနှစ်ဂုဏ်ထူးတန်း၊ ဒီပလိုမာ၊ မဟာတန်း၊ ပါရဂူ သင်တန်းအသီးသီးတွင် အောင်မြင်ထားကြသော ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့အပ်နှင်းချီးမြှင့်ရန် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

ကျင်းပမည့်နေ့ရက်။ ။၂၀၁၉ခုနှစ်၊ မတ်လ(၉)ရက် (စနေနေ့)နှင့်
၂၀၁၉ခုနှစ်၊ မတ်လ(၁၀)ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ ။ ။ ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်နယ်မြေ

<u>(၉-၃-၂၀၁၉)ရက် (စနေနေ့) နံနက်ပိုင်း အစီအစဉ် (နံနက်-၈း၃၀)နာရီ</u>

**စဉ် ဘွဲ့အမည်**

| | | |
|---|---|---|
| ၁။ | ပါရဂူဘွဲ့ (ဘောဂဗေဒ၊စာရင်းအင်း၊ဝါဏိဇ္ဇ) | (PhD) |
| ၂။ | ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ | (MBF) |
| ၃။ | ဘဏ်လုပ်ငန်းဒီပလိုမာ | (DB) |
| ၄။ | ဖွံ့ဖြိုးရေးပညာဒီပလိုမာ | (Dip DS) |
| ၅။ | စီးပွားရေးပညာဂုဏ်ထူးဘွဲ့(စာရင်းအင်းပညာ) | (BEcon(Stats)(Hons) |
| ၆။ | လူဦးရေပညာဂုဏ်ထူးဘွဲ့ | (BPS(Hons)) |
| ၇။ | စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ) | (BEcon(Stats)) |
| ၈။ | လူဦးရေပညာဘွဲ့ | (BPS) |

<u>(၉-၃-၂၀၁၉)ရက် (စနေနေ့) ညနေပိုင်း အစီအစဉ် (မွန်းလွဲ-၁၄း၃၀)နာရီ</u>

| | | |
|---|---|---|
| ၁။ | မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) | (MEcon(Eco)) |
| ၂။ | စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ | (MBA) |
| ၃။ | ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ | (MPA) |
| ၄။ | စီမံအုပ်ချုပ်မှုပညာဒီပလိုမာ | (DMA) |
| ၅။ | စီးပွားရေးပညာဂုဏ်ထူးဘွဲ့ (ဘောဂဗေဒ) | (BEcon(Eco)(Hons) |
| ၆။ | စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) | (BEcon(Eco)) |
| ၇။ | ဖွံ့ဖြိုးရေးပညာဘွဲ့ | (BDevS) |

<u>(၁၀-၃-၂၀၁၉)ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်း အစီအစဉ် (နံနက်-၈း၃၀)နာရီ</u>

| | | |
|---|---|---|
| ၁။ | မဟာဝါဏိဇ္ဇဘွဲ့ | (MCom) |
| ၂။ | မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) | (MEcon(Stats)) |
| ၃။ | သုတေသနပညာဒီပလိုမာ | (Dip RS) |
| ၄။ | ရောင်းဝယ်ဖြန့်ဖြူးမှုပညာဒီပလိုမာ | (Dip Marketing) |
| ၅။ | ဖွံ့ဖြိုးရေးပညာဂုဏ်ထူးဘွဲ့ | (BDevS(Hons)) |
| ၆။ | ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဂုဏ်ထူးဘွဲ့ | (BPA(Hons)) |
| ၇။ | ဝါဏိဇ္ဇဗေဒဘွဲ့ | (BCom) |
| ၈။ | ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့ | (BPA) |

<u>(၁၀-၃-၂၀၁၉)ရက် (တနင်္ဂနွေနေ့) ညနေပိုင်း အစီအစဉ် (မွန်းလွဲ-၁၄း၃၀)နာရီ</u>

| | | |
|---|---|---|
| ၁။ | စာရင်းကိုင်ပညာမဟာဘွဲ့ | (MAct) |
| ၂။ | ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ | (MDevS) |
| ၃။ | စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဂုဏ်ထူးဘွဲ့ | (BBA(Hons)) |
| ၄။ | စာရင်းကိုင်နှင့်စာရင်းစစ်ဘွဲ့လွန်ဒီပလိုမာ | (PGDAA) |
| ၅။ | စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ | (BBA) |
| ၆။ | စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာဘွဲ့ | (BBM) |
| ၇။ | စာရင်းကိုင်ပညာဘွဲ့ | (BAct) |

<u>ဘွဲ့နှင်းသဘင်ကြေး</u>

တက်ရောက်ဘွဲ့နှင်းသဘင်ကြေး - ၁၅၀၀၀/(ကျပ်တစ်သောင်းငါးထောင်တိတိ)
အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး - ၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)
အစမ်းလေ့ကျင့်ရမည့် ရက်/နေ့ - ၂၀၁၉ခုနှစ်၊ မတ်လ(၇)ရက် (ကြာသပတေးနေ့)

<u>အစမ်းလေ့ကျင့်ရမည့်အချိန်</u>

(ပထမနေ့ဘွဲ့ယူမည့်သူများ) - နံနက်(၈း၃၀)နာရီ
(ဒုတိယနေ့ဘွဲ့ယူမည့်သူများ) - မွန်းလွဲ (၁၃း၃၀)နာရီ

**လျှောက်လွှာစတင်လက်ခံမည့်ရက် - ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်(တနင်္လာနေ့)**
**လျှောက်လွှာပိတ်မည့်ရက် - ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက် (ကြာသပတေးနေ့)**

**မှတ်ချက်။** (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၂) နှစ်ဟောင်းများမှ ဘွဲ့/ဒီပလိုမာ/မဟာတန်း/ဘွဲ့အမျိုးမျိုး အောင်မြင်သူများသည် **<u>အဝေးရောက်ဘွဲ့သာ</u>** လျှောက်ထားရမည်။
(၃) သုံးလအတွင်း (အမျိုးသားဝတ်စုံ(တိုက်ပုံ၊ကော်လာခွဲတုံး))၊ (အမျိုးသမီးဝတ်စုံ(ရင်ဖုံးအင်္ကျီ)) ဖြင့် ရိုက်ကူးထားသော (၂" X ၁$\frac{၁}{၂}$") ဓါတ်ပုံ ၂ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း နှင့်လျှောက်ထားရမည်။
(၄) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် မြန်မာဝတ်စုံ ၊တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံ (အမျိုးသား) အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရပါမည်။
(၅) အသေးစိတ် အချက်အလက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)တွင် လာရောက်စုံစမ်းနိုင်ပါသည်။(ဖုန်း-၀၉၇၃၂၄၃၀၀၈)
(၆) ဘွဲ့လျှောက်ထားရာတွင် ကျောင်းသား/သူများကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) ဧည့်နိုင်ငံသားလက်မှတ် (သို့မဟုတ်) နိုင်ငံသား ပြုလက်မှတ် မူရင်းတင်ပြ၍ လျှောက်ထားရပါမည်။

ဌာနမှူး-သင်တန်းရေးရာ
ရန်ကုန်စီးပွားရေးတက္ကသိုလ်

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရထိန်းသိမ်းကြ

## "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၉ ဖြင့် "သုဓမ္မမဏိဇောတဓရ" ဘွဲ့ချီးမြှင့်ခြင်းခံရသော နာယကကြီး ဦးဝင်း(နယူးဝင်းမေတ္တာကုမ္ပဏီ)၊ ပန်းတဉ်းတန်းဓမ္မာရုံနာယကအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

- ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပဓာန နာယကဆရာတော်) ဗုဒ္ဓဂယာမြန်မာကျောင်း၊ ဗုဒ္ဓဂယာ၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ
- ဒေါက်တာဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့
- ဒေါက်တာ ဘဒ္ဒန္တ စိန္တိတာလင်္ကာရ (နိုင်ငံ့စွမ်းဆောင်ရည်ဆုရှင်)
  နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်
  အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
  ပဋ္ဌာနရုံ စာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့
  ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး
  သန်လျင်မြို့၊ ကွမ်းခြံကုန်းကျေးရွာ မဟာသုခိတာရာမ ကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာန နာယကဆရာတော်
- ဘဒ္ဒန္တ ဉာဏဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)
  ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ တပ်ဦးဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်
- ဘဒ္ဒန္တ ပညာသာရ
  သဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ဗဟုဇန ဟိတဓရ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ
  ပန်းတစ်ပွင့်တောင် သာသနာပြုတောရရိပ်သာ
  ဖူးကြီးရေလှောင်ကန်အနီး၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
- ပန်းတဉ်းတန်း အရုဏ်တော်ဝတ်အသင်းကြီး
  ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

---

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၄၁)၊ ဧရိယာ(၀.၀၅၅)ဧကမြေကွက်တည်နေရာအမှတ်(၁၄၁)မြေ၊ သာသဝမ်း(၃)ရပ်ကွက် လှိုင်သာယာမြို့နယ်၊ ဒေါ်မြင့်(AB-၀၅၉၃၃၃)အမည်ပေါက် နမ်း(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်(မိခင်) သေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ အမည်ပေါက်၏ ခင်ပွန်း(ဖခင်) ဦးထွန်းကြည်သေဆုံးကြောင်း သေစာရင်းမိတ္တူ၊ သားသမီးအရင်းတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာထောက်ခံကျမ်းကျိန်လွှာ နမ်း(၆၀)ဂရန်မူရင်းနှင့် ကိုယ်စားလှယ်လွှဲစာပေး အပ်သူ သက်ရှိထင်ရှားရှိကြောင်းနှင့် မြန်လည်မရုပ်သိမ်းသေးကြောင်း တရားရုံးကျမ်းကျိန်လွှာတို့အား တင်ပြ၍ သမီးများဖြစ်သော ၁။ ဒေါ်ပဲ(၁၂/မရက(နိုင်)၀၅၅၂၃၈)၊ ၂။ ဒေါ်နန်းခန်းမွယ်(၁၂/လသယ(နိုင်)၀၈၆၂၅၈)တို့ထံမှ (GP)လွှဲစာအမှတ်-၈၅၆၆/၂၀၁၈ (၁၄-၈-၁၈)ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အေးသူဇာ (၁၄/မအပ(နိုင်)၂၈၃၁၁) မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

ဥတုရာသီ တောကိုမှီ၍

---

### လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### (၁/၂၀၁၉)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | IFB-039(18-19) | 10" ERW API 5L Grade X-42 MS 3 LPE Coated Steel Line Pipes (32200) MTR | US$ |
| (ခ) | IFB-040(18-19) | 4" ERW API 5L Grade X-42 MS 3 LPE Coated Steel Line Pipes (16,100) MTR | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm) ၌ အသေးစိတ်ကြည့်ရှု၍ အခမဲ့ Download ရယူနိုင်ပါသည်။ တင်ဒါပုံစံများအား ရောင်းချမည် မဟုတ်ပါ။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို (၄-၂-၂၀၁၉) ရက်နေ့ (၁၄:၀၀) နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း၊ ၀၆၇-၄၁၁၂၀၆**

---

GW
0973226006
0973133528
0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

---

**ဆိုင်အမြန်ရောင်းမည်**

သိပ္ပံဈေး(ဆင်းမင်းဈေး)၊ မြေညီထပ် CB Bank မျက်စောင်းထိုး ဝင်ပေါက်ဝ သိန်း(၁၅၀)(ညှိနှိုင်း)(အလုံ)

**ဖုန်း-၀၉-၄၀၄၉၀၆၃၉၇**

---

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုဆန်တန်းရပ်၊ ကျိုက္ခမီလမ်းမကြီး၊ ခြံအမှတ်(၁၁၃)၊ အေးရိပ်မြိုင်၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ စက်စဲကမ်းခြေရှိ 21 Paradise Hotel နှင့် သံဖြူဇရပ်မြို့နယ် (ဝဲကလိ)ရှိ 21 Paradise Natural Hot Spring ပိုင်ရှင် အန်ကယ်ကြီး **ဦးခင်ဝင်း**အား နိုင်ငံတော်မှ -

- (၂၀၁၆)ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် **သုဓမ္မမဏိဇောတဓရဘွဲ့**
- (၂၀၁၉)ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် **သီဟသုဓမ္မမဏိဇောတဓရဘွဲ့** ပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

ဦးအောင်မြင့်ရွှေ
နှင့်
21 Paradise Hotel & Natural Hot Spring ဝန်ထမ်းများ

---

## ငွေရတုဆုတောင်း

ဝန်ထမ်းများအပေါ်တွင် သားသမီးအရင်းပမာ ပြုစုပျိုးထောင်ပေးတတ်သော၊
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားသော၊
ကျင့်ဝတ်နှင့် ပတ်သက်လျှင် စံပြဖြစ်အောင် သွန်သင်တတ်သော၊
လူသားအရင်းအမြစ်တိုးတက်ရေးကို အမြဲအားစိုက်ဆောင်ရွက်တတ်သော၊
တာဝန်ယူ တာဝန်ခံနိုင်သော ကုမ္ပဏီတစ်ခုဖြစ်အောင် ဦးဆောင်မှု ပေးနိုင်ခဲ့သော
SMART GROUP OF COMPANIES ၏
ဥက္ကဋ္ဌကြီး ဦးကျော်ကျော်လှိုင် ကို
SMART စာပေအဖွဲ့သားများမှ လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

ဥက္ကဋ္ဌကြီး ဦးကျော်ကျော်လှိုင် ၏ ဦးဆောင်မှုနှင့်အတူ
SMART GROUP OF COMPANIES ကြီး
၂၅ နှစ်ပြည့်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဆထက်ထမ်းပိုး တိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းအပ်ပါသည်။

SMART စာပေ အဖွဲ့သားများ

---

SMART
SMART GROUP OF COMPANIES

*With Our Greatest*
**APPRECIATION**
***to our beloved Chairman***

## K K Hlaing

For your unwavering support and unrelenting guidance that helped in leading our path to 25 years of success.
You are being honored with much appreciation and gratitude from our heart.

**SMARTIES**
*5th Jan 2019*

---

SMART
SMART GROUP OF COMPANIES

## ငွေရတု ကျေးဇူးတင်လွှာ

နှစ်ပေါင်း (၂၅)နှစ်တိုင်တိုင်
ကျွန်ုပ်တို့အားလုံး၏ လမ်းပြကြယ်အဖြစ်
ဦးဆောင်ပေးခဲ့သော
**ဥက္ကဋ္ဌကြီး ဦးကျော်ကျော်လှိုင်**
ကို
ကျွန်ုပ်တို့အားလုံး၏ ရင်တွင်းမှ
လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်အပ်ပါသည်။

**SMART မိသားစု**
၅ ရက် ဇန်နဝါရီလ ၂၀၁၉

# "အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ နတ်တော်လပြည့်ကျော် (၁၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီး ရပ်ကွက်နေ ဦးကိုကိုလေးအား (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအချိန်အခါသမယတွင် သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်အား ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

"ချစ်ဇနီး ဒေါ်ဇင်မာလင်း နှင့် သမီး ချမ်းမြေ့ရွှေစင် " (ရွှေမင်္ဂလာ)

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကုက္ကိုတံအိမ်ရာ၊ အေးမေတ္တာလမ်းရှိ စန်းသော်တာ စိန်ရွှေရတနာဆိုင်မှ **ဒေါ်သော်တာဝင်း**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာအမှတ်-၁/၂၀၁၉ဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခံရသည့်အတွက်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**High Flyers Academic Center**
**မိသားစု**

**Yangon White Light**
**အိမ်ခြံမြေကုမ္ပဏီ**

နှစ်သစ်မင်္ဂလာမှာ လူကြီးမင်းတို့၏ ရန်ကုန်မြို့တွင်ရှိသော အိမ်များကို အမြန်ဆုံး ငှားထွက်ချင်ပါသလား ? နိုင်ငံခြားသားများ မြင်မြင်ချင်း ငှားချင်လာအောင် ကျွန်တော်တို့၏ အိမ်တွင်း အလှပြင်ဆင်မှု ဒီဇိုင်း(အကြံပေးအဖွဲ့)ကို ယုံယုံကြည်ကြည် အလုပ်အပ်နှံကြည့်ပါ။
အသေးစိတ်စုံစမ်းရန် -
**09-969117983, 09-252703331**

ရန်ကုန်လိုင်စင် ကားရောင်း/ငှားမည်
2003 Alphard လျှောက်လမ်းပါ 2400cc
ဝယ်ညာဆလိုက် ၂ချပ် အော်တို လိုက်ကာ ဆိုနာပတ်လည်ရှေ့နောက်ကင်မရာ ၄လုံး၊ volume control ၂ခုတ် ကျွန်းကွက် ပတ်လည် အတွင်းခန်းအသားရောင် တာယာအင်ဂျင်ပိုင်အသစ်၊ အော် TV နှင့် ပါး TV နှစ်လုံး၊
ရောင်း ၃၂၀သိန်း ငှား ၈သိန်း
09450030589,09421966133

**ထိပ်တန်း**
**အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း / နယ်ဝေး**
**09-254256969**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **မဟာသဒ္ဓမ္မဇောတိကဓဇ**ဘွဲ့တံဆိပ်တော်ကို ငွေလှရတနာအဘိဓမ္မာသင်တန်း နည်းပြမှူး ဆရာမ**ဒေါ်ခင်သန္တာဦး** (လူမှုထူးချွန်) ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**တောင်ဒဂုံ နိကာယ်စာသင်တိုက်**
**ငွေလှရတနာအဘိဓမ္မာသင်တန်း၊**
**ဌာနချုပ်**

**မင်္ဂလာနှစ်သစ်ပါ.....**

2019 New year အထူးအစီစဉ်အဖြစ် Myanmar Music မှ မြန်မြူးရောင်းချလျက်ရှိသော တူရိယာ ပစ္စည်းမျိုးစုံကို ပုံမှန်ရောင်းဈေး၏ ၃% မှ ၁၀% အထိ လျှော့ဈေးများဖြင့် ဇန်နဝါရီလ ၂၀ ရက်နေ့အထိ ရောင်းချပေးမှာဖြစ်ပါတယ်...
ရောင်းချပေးမယ့် တူရိယာ အမျိုးအစားများကတော့.....

| | |
|---|---|
| Acoustic Pianos | Digital Pianos |
| Portable Keyboards | Acoustic Guitars |
| Electric Guitars | Electric Basses |
| Acoustic Drums | Guitar Amplifiers |
| Guitar Effectors | Percussions |

စသည့် စုံလင်လှသော တူရိယာပစ္စည်းများဖြစ်ပါတယ်.....
In stock ရှိသလောက်သာ ရောင်းပေးနိုင်မှာမို့ လက်မနှေးရအောင် အမြန်ဆုံး လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါရစေ.....

2019 HAPPY NEW YEAR

ရန်ကုန်
အမှတ် (၂၈၇)၊ ဝေဠုဝန်လမ်းမ၊ ပြည်သာယာနှင့် ရတနာမိဘပွိုင့်ကြား၊ သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း ၀၉-၂၅၄၄ ၃၉၅၆၇၊ ၀၉-၂၅၄၄ ၃၉၆၆၇
မန္တလေး
အမှတ် (၁၀၈)၊ လမ်း ၃၀၊ ၆၅ × ၆၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။
ဖုန်း ၀၉-၄၅၆၉ ၇၇၇၇၉၊ ၀၉-၃၃၀၉ ၂၃၅၅၊ ၀၉-၉၇၆၇ ၆၀၀၆၃

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ် (ဒ- ၃၀၅၉၄)၊ ဧရိယာ (၀. ၁၄၆) ဧကရှိ ဒေါ်တင်အေးရီ (ဘ) ဦးသောင်းစိန်[၁၂/သဃက(နိုင်)၀၆၅၇၈၃] အမည်ပေါက်ပါမစ်မြေကွက်အား ဦးမြင့်အောင် (ဘ)ဦးဆန်းနန်း[၈/ခမန(နိုင်)၀၀၄၁၉၆]၊ ဒေါ်သန်းရီ(ဘ)ဦးချွန်းသိန်း [၁၂/ဒဂန(နိုင်) ၀၂၂၁၈၉]တို့မှ မြေပေးမိန့် (ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ် (၈၄)၊ ဧရိယာ (၀.၀၆၂)ဧက၊ (၂၆၀၈) စတုရန်းပေ၊ (၆၄ပေ × ၄၂ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၈၄)၊ အောင်တံခွန်(၆)လမ်းနှင့်ရဲရန်အောင်လမ်းထောင့်၊ အမှတ်(၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက် လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးအိုက်လုံ (ဘ) ဦးဝန်း (၁၃/ကတန (နိုင်) ၀၀၇၃၃၄) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိုကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသောစာချုပ်စာတမ်း(မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်မျိုးသိန်း ( LL.B., DBL., DIL.,DAPsy )
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၃၃)
အမှတ် - ၅၀၊ ပထမထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၅၅၅၀၂၅၄

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့ သက်တော်ရှည်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌကြီး
ဆူးလေစေတီတော်ဂေါပကအဖွဲ့ဝင်(ငြိမ်း)
ပန်းဘဲတန်းမြို့နယ်မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဂေါပကအဖွဲ့ဥက္ကဋ္ဌ
မန္တလေးမြို့၊ မလွန်ဆန်လျှအသင်းကြီး၏ အောက်မြန်မာပြည်တာဝန်ခံ
ပန်းဘဲတန်းမြို့နယ်၊ မလွန်ဆန်လျှအသင်းထောက်ဥက္ကဋ္ဌကြီး
အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နာယက

## မဟာသဒ္ဓမ္မဇောတိကဓဇ

## သီတဂူဦးဟန် BA.BL တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်

(ရွှေတောင်မြို့)

### အသက်(၉၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နေ (ဦးဘမှိ-ဒေါ်ဒေါ်ရှင်)တို့၏ သား၊ (ဦးကျော်-ဒေါ်တင့်)တို့၏ သားသမက်၊ (ဦးတင်-ဒေါ်လှလှ)၊ (ဦးခိုင်-ဒေါ်အေးစိန်)၊ (ဦးအုန်း-ဒေါ်တင်တင်)၊ (ဦးမြသန်း-ဒေါ်ခင်ခင်)တို့၏ ညီ/မောင်၊ (ဦးသိန်း-ဒေါ်စိန်ရီ)၊ ဒေါ်ညိုညို တို့၏ အစ်ကို၊ (ဒေါ်မြယဉ်၊ ဒေါ်ခင်နု)တို့၏ ခင်ပွန်း၊ ဒေါက်တာကံထွန်း-ဒေါက်တာခင်ဆွေလှဲ၊ ဦးအောင်သန်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ဆွေဝင်း(ရုက္ခ-ငြိမ်း)၊ ဒေါ်မိမိဟန်၊ ဦးအောင်(ဓာတုအင်ဂျင်နီယာ)-ဒေါ်ကေသီဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ ဒေါက်တာသက်သက်ထား၊ ဒေါက်တာသက်သက်လင်း၊ မိမွန်အောင်၊ ဝတ်ရည်အောင်၊ ဇေလတ်အောင်၊ ဟန်ဇော်အောင်၊ ဒေါက်တာဟန်ထွဋ်အောင်၊ အာကာအောင်တို့၏ အဘိုး၊ မြစ်ရှစ်ယောက်တို့၏ ဘိုးဘိုးကြီး သီတဂူဦးဟန်သည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်၌ သရဏဂုံတင်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## မဟာသဒ္ဓမ္မဇောတိကဓဇ သီတဂူ ဦးဟန် (ရွှေတောင်)

### အသက် (၉၅)နှစ်

အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ နာယက (အမှုဆောင်)

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်နေ (ဦးဘမှိ-ဒေါ်ဒေါ်ရှင်)တို့၏ သား၊ (ဦးကျော်-ဒေါ်တင့်)တို့၏ သားသမက်၊ (ဒေါ်မြယဉ်)၊ (ဒေါ်ခင်နု)တို့၏ ခင်ပွန်း၊ ဒေါက်တာကံထွန်း-ဒေါက်တာခင်ဆွေလှဲ၊ ဦးအောင်သန်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ဆွေဝင်း (ရုက္ခ/ငြိမ်း)၊ ဒေါ်မိမိဟန်၊ ဦးအောင် (ဓာတုအင်ဂျင်နီယာ)-ဒေါ်ကေသီဝင်းတို့၏ ကျေးဇူးရှင် မွေးသဖခင် သီတဂူဦးဟန်သည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့
အဘိဓမ္မာပြန့်ပွားရေးအသင်း

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## မဟာသဒ္ဓမ္မဇောတိကဓဇ သီတဂူ ဦးဟန်(ရွှေတောင်)

### အသက်(၉၅)နှစ်

မန္တလေး၊ မလွန်ဈေးဆန်လျှအသင်း၊ အောက်မြန်မာပြည်အသင်းကိုယ်စားလှယ်၊ ပန်းဘဲတန်းမြို့နယ်၊ မလွန်ဈေးဆန်လျှအသင်းဥက္ကဋ္ဌ ပဲခူးတိုင်း ရွှေတောင်မြို့နယ်နေ (ဦးဘမှိ-ဒေါ်ဒေါ်ရှင်)တို့၏ သား၊ (ဦးကျော်-ဒေါ်တင့်)တို့၏ သားသမက်၊ (ဒေါ်မြယဉ်)၊ (ဒေါ်ခင်နု) တို့၏ ခင်ပွန်း၊ ဒေါက်တာကံထွန်း-ဒေါက်တာ ခင်ဆွေလှဲ၊ ဦးအောင်သန်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ဆွေဝင်း (ရုက္ခ/ငြိမ်း)၊ ဒေါ်မိမိဟန်၊ ဦးအောင် (ဓာတုအင်ဂျင်နီယာ)-ဒေါ်ကေသီဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင် သီတဂူ ဦးဟန်သည် ၄-၁-၂၀၁၉ (သောကြာနေ့)နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပန်းဘဲတန်းမြို့နယ်မလွန်ဈေး
ဆန်လျှအသင်း

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မိမိထွန်း

### အသက် (၆၅)နှစ်

သူနာပြုဆရာမကြီး (အငြိမ်းစား)
အမျိုးသားသွေးဌာန၊ ရန်ကုန်

ပခုက္ကူမြို့၊ စွန်သိုက်ရပ်နေ (ဦးဘထွန်း-ဒေါ်တင်မေ)တို့၏ သမီးလတ်၊ ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်နေ (ဦးထွန်းဖေ-ဒေါ်သန်းတင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၅၁)၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးသိန်းထွန်း (IMH-Singapore)၏ ဇနီး၊ မောင်ကျော်ဇင်ထွန်း၏ မိခင်သည် ၄-၁-၂၀၁၉ ရက် နံနက် ၂း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမျိုးသားသွေးဌာန၊ ရန်ကုန်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်မာလာရွှေ (အထက-၁၊ ကြည့်မြင်တိုင်)

### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၂၅)နေ (ဦးတင်ရွှေ-ဒေါ်ခင်ကြည်)တို့၏သမီး၊ ဦးမိုးဇော်အောင် (Uniteam Training)-ဒေါ်သီတာရွှေဦးမောင်မောင်-ဒေါ်စန္ဒာရွှေ(B.S တာယာရောင်းဝယ်ရေး)တို့၏ ညီမ၊ ဦးကောင်းထွဋ်(ဒု-ညွှန်ချုပ် ဟိုတယ်/ခရီး)-ဒေါ်နီလာဖေ၊ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်(ငြိမ်း)-ဒေါ်စိုးစိုးသန်း၊ ဒေါ်ဥမ္မာရွှေ၊ ဒေါ်သူဇာရွှေ(စိန်သရဖူ-ညဈေး)တို့၏ အစ်မ၊ ရဲထွဋ်လှိုင်-ထက်ထက်မောင်၊ မြတ်မင်းမောင်-မေသူ၊ တင်ဦးဇော်-မေသက်ထက်အောင်၊ ဖြိုးမင်းမောင်-နန်းစုလှိုင်ဝင်း၊ မျိုးမင်းမောင်၊ ကောင်းဆက်ထွဋ်-ထွန်းအိအိခိုင်၊ ကောင်းထက်ထွဋ်၊ ကောင်းမြတ်ထွဋ်၊ သက်ဘုန်းထွဋ်၊ နှင်းဖြူစင်ထွဋ်၊ ကောင်းဆက်သူ၊ သန့်နှင်းစက်တို့၏ အဒေါ်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်မာလာရွှေသည် ၄-၁-၂၀၁၉ (သောကြာနေ့)နံနက် ၅း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## ဒေါ်အေးပို

### အသက်(၉၆)နှစ်

(ထားဝယ်)

ထားဝယ်မြို့နေ (ဦးကျင်ချွန်း-ဒေါ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ဖြူဟ္မစိုရ်လမ်း၊ အမှတ်(၅၀/ခ)နေ ဦးဘွန်စိန်-(ဒေါ်မြစိန်)၊ (ဦးလှထွန်း-ဒေါ်ဖြူဖြူဝင်း)၊ ဦးကျော်ဉာဏ်လင်း-ဒေါ်သန်းသန်းဦး၊ ဦးစိုးဝင်း-ဒေါ်ခင်သီတာအေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊မြေး၁၀ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး၊ [ဦးကိုကို (ရေကြောင်းအင်ဂျင်နီယာချုပ်-ငြိမ်း)] ၏ ဇနီးသည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်၅း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း၊ ကန်
ဒါယိကာမကြီး

## ဒေါ်ခင်နု

### အသက်(၈၃)နှစ်

စာရင်းကိုင်-၁၊ဝင်ငွေဌာန၊ ဘဏ္ဍာရေး၊
MEPE ရုံးချုပ်-ငြိမ်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းခရိုင်၊ တံတားမြို့နေ ဦးဘလွန်း-ဒေါ်သိန်းရှင်တို့၏ သမီးချွေးမ၊ သထုံမြို့၊ ညောင်ဝိုင်းရပ်နေ (ဦးပါ-ဒေါ်အမာ)တို့၏ သမီး၊ [ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း) (မပက)၊ အတွင်းရေးမှူး၊ မိတ္ထီလာမြို့]၏ ဇနီး၊ (ဦးမြင့်ဦး)-ဒေါ်ခင်သီတာ၊ဦးခင်မောင်စိုး-ဒေါ်စန္ဒာမြင့်၊ ဒုအရာခံဗိုလ်ကျော်မြင့်ဦး(မိတ္ထီလာလေတပ်)-ဒေါ်သီတာမြင့်၊ ဒေါ်မြင့်မြင့်မာ(အလပြ)၊ မူလွန်(၂၂)၊ လှိုင်သာယာ၊ ဦးမြင့်ကျော်ကျော်(AGD) ဘဏ်ရုံးချုပ်၊ မော်တော်ယာဉ်ဌာန-ဒေါ်ဆွေဆွေမျိုးတို့၏မိခင်၊ ဦးသိန်းငွေအောင်-ဒေါ်ခင်မျိုးလှိုင်(လူရည်ချွန်)စာသင်ဝိုင်း၊ မဆုမြတ်စန္ဒီ (ဥပဒေနောက်ဆုံးနှစ်) ကျောက်မြောင်း၊ ဦးအောင်ဘိုဘို-ဒေါ်သွယ်သွယ်အောင်၊ ဦးအောင်မြင့်မြတ်-ဒေါ်မေသက်ခိုင်၊ မောင်ဇွဲရန်နိုင် (Bot. တတိယနှစ်)၊ မသီရိသိမ့် (BA Geog:)၊ မချောချောဟန်တို့၏ အဘွား၊ မအိမ့်မှူးစံ၊ မောင်အောင်မင်းခန့်၊ မဆုလာဘ်အောင်၊မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီတွင် အမှတ်(၅၁၉/က)၊ ဗိုလ်လရောင်လမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ပဓာနနာယကဆရာကြီး

## ဒေါ်ပညာစာရီ

(သဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ)

## သိက္ခာတော် (၆၂) ဝါ၊ သက်တော်(၇၁) နှစ်

ပြင်ဦးလွင်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်၊ သီပေါမြို့၊ ရွှေမောင်းသီလရှင်စာသင်တိုက်၊ တန့်ယန်းမြို့၊ ရွှေမောင်းသီလရှင်ပရဟိတကျောင်းတို့တွင် သီတင်းသုံးတော်မူသော ဆရာကြီးဒေါ်ပညာစာရီသည် (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်) ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရန်ကုန်မြို့မှ ပြင်ဦးလွင်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်သို့ နေ့ချင်းပင့်ဆောင်သွားခဲ့ပြီး သီလရှင်ဆရာကြီး၏ ရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်) ၇-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့၊ (၈)မိုင်၊ ထုံးဘိုသုသာန်၌ ဈာပနကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

---

## ဒေါ်ခင်တင့် (ကသာစာတိုက်၊ ငြိမ်း)

ယုဝတီကလောင်ရှင် သလ္လာခင်လေး

### အသက်(၈၅)နှစ်

အမှတ်(၃၉၀)၊ ရတနာပုံ(၅)လမ်း၊ ရတနာပုံအိမ်ရာ၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးကြည်တင်၏ ဇနီး၊ ဒေါ်လှဲ့လှဲ့ကြည်၊ ဦးခင်မောင်ထွန်း-ဒေါ်အေးအေးကြည်၊ ဦးအောင်မျိုး-ဒေါ်ခင်သန်းဝင်း၊ ဦးမျိုးသက်-ဒေါ်ငွေငွေဇံ၊ ဗိုလ်မှူးလှိုင်မိုးစန် (ငြိမ်း)-ဒေါ်ငွေငွေကြည်၊ ဦးစိုးသူ-ဒေါ်ကြည်ကြည်အေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၁-၂၀၁၉ ရက် နံနက် ၀၀း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၅၁)နေ ဒေါ်သောင်းရင်၏ ခင်ပွန်း၊ မျိုးလွင်ဦး၊ ကျော်လတ်ထွန်း-မသင်းသင်းအေး၊ သန်းကျော်ထိုက်-မငြိမ်းဝေမွန်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးခင်မောင်သည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကြည်စုသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စိန်စိန်

### အသက်(၇၅)နှစ်

ဆိပ်ကမ်းကော်ပိုရေးရှင်း (ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ ကံ့ကော်မြိုင်လမ်းသွယ်(၂)၊ အမှတ်(၁၃)နေ (ဦးဘိုးထိန်-ဒေါ်သိန်း)တို့၏ သမီး၊ (ဦးကြည်-ဒေါ်ကျင်ရိမ်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ချို (ကုန်သွယ်ရေး-ငြိမ်း)၏ ဇနီးသည် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၉(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်း ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း ဒါယိကာမကြီး

## ဒေါ်တင်တင်နွဲ့(ခ)မချို (ရှမ်းစု)

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်စံပြရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ အမှတ်(၇)နေ (ဦးအေးသိန်း-ဒေါ်တင်လှိုင်)တို့၏ သမီးကြီး၊ (ဦးမြင့်ဆွေ)၏ ဇနီး၊ မောင်ရဲအောင်ကျော်၏ ချစ်လှစွာသောမိခင်၊ ဦးတင်ဦး-ဒေါ်နွယ်နွယ်လှိုင်၊ ဦးသန်းအေး-ဒေါ်မြမြစိန်၊ ဦးသိန်းဝင်း-ဒေါ်ခင်မိုးသီ၊ ဦးမြင့်ဆွေ-ဒေါ်တင်တင်အေးတို့၏ အစ်မကြီး၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်၊ မြေးသုံးယောက်တို့၏ အဘွား ဒေါ်တင်တင်နွဲ့(ခ)မချိုသည် ၄-၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၇)၊ မင်္ဂလာသိဒ္ဓိလမ်း၊ ဆရာစံတောင်စံပြရပ်ကွက်၊ ဗဟန်းမြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ပါမောက္ခဒေါက်တာသန်းသန်းအေး(ခ)သော်တာ

ဝါဏိဇ္ဇဗေဒဌာန၊ မိတ္ထီလာ၊ စီးပွားရေးတက္ကသိုလ်

### အသက်(၅၆)နှစ်

ရေစကြိုမြို့၊ ဈေးရပ်နေ ဦးဘရင်-ဒေါ်လှဗျော် (ရွှေပန်းထိမ်လုပ်ငန်း) တို့၏ သမီး၊ ဦးအောင်သန်း-ဒေါ်စန်းညွန့်၊ ဦးမြသောင်း-ဒေါ်စန်းမြင့်၊ ဦးတင်ဝင်း-ဒေါ်သန်းလှိုင်၊ ဦးရွှေမောင်-ဒေါ်မြင့်ရီ၊ ဦးသောင်းဆွေ-ဒေါ်ညိုမာ၊ ဒေါ်ခင်စန်းဝေ၊ ဦးထင်ကျော်-ဒေါ်မြင့်မြင့်သန်း၊ ဦးတင်မော်-ဒေါ်သီတာချိန်၊ ဒေါ်အေးမိ၊ ဦးတင့်လွင်တင့်-ဒေါ်စန်းစန်းငွေတို့၏ ညီမ၊ ဦးမျိုးမြင့်-ဒေါ်ဥမ္မာတို့၏ အစ်မ ပါမောက္ခဒေါက်တာဒေါ်သန်းသန်းအေး(ခ)သော်တာသည် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၉ (သောကြာနေ့) ညနေ ၃နာရီတွင် ရေစကြိုမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တတေဇနိယ

### သိက္ခာတော်(၇၆)ဝါ၊ သက်တော်(၉၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ကျွန်းတောကျောင်းတိုက်ကြီး၏ ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တတေဇနိယ အရှင်သူမြတ်ကြီးသည် (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော်၊ ၁၂ ရက်)၊ ၃-၁-၂၀၁၉ (ကြာသပတေးနေ့) ည ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်)၊ ၇-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျောင်းတိုက်၌ သာစုကိစ္စနဈာပနပူဇာသဘင် ဆင်ယင်ကျင်းပပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
ကျွန်းတောကျောင်းတိုက်

---

## ဦးသောင်းရှိန် (ချောက်မြို့) (အလုပ်သမားဝန်ကြီးဌာန)

### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက် (၂၅)၊ အခန်း (၂၁) နေ (ဦးလှ-ဒေါ်သန်း)တို့၏ သား၊ ဒေါ်ဝင်းမြ၏ ခင်ပွန်း၊ ဦးသီဟဝင်းရှိန်-ဒေါ်တင့်တင့်ခိုင်၊ ဒေါ်ဖြူဖြူဝင်းရှိန်(လေကြောင်းဦးစီးဌာန)၊ ဒေါ်မူမူဝင်းရှိန် (ရေကြောင်းကောလိပ်)၊ ဦးအာယုဝင်းရှိန်တို့၏ ဖခင် ဦးသောင်းရှိန်သည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းမြင့်(ခ)ဦးတာတူး (ပေါင်းတည်)

### အသက်(၇၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နေ (ဦးဘဂျမ်း-ဒေါ်စောရင်)တို့၏ သား၊ (ဦးစိန်-ဒေါ်ပုလဲရင်)တို့၏သားသမက်၊ (ဦးခင်စိုး-ဒေါ်ခင်မြင့်)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ အမှတ်(၁၇၅)နေ ဒေါ်အေးလွှမ်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်မြင့်)-ဒေါ်ချိုချိုစန်း၊ ဦးမိုးလွင်(E/O Norstar Shipping)-ဒေါ်မိုးမိုးကြွယ်၊ ဒေါ်ခိုင်သီတာ၊ ဦးယဉ်ထွေး (ကံသာသံပန်းသံတံခါး)-ဒေါ်ကေသီခိုင် (ကံသာစတိုး) တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၄-၁-၂၀၁၉ ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းစိုး (ဦးစီးအရာရှိ-ငြိမ်း၊ အ-က-စ)

### အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးရွှေထွန်းဖြူ-ဒေါ်အမာ)တို့၏ သား၊ ပဲခူးမြို့နေ (ဦးကျင်ခဲ-ဒေါ်တင်လှိုင်)တို့၏ သားသမက်၊ ဒေါ်ခင်လှမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဝဏ္ဏစိုး-ဒေါ်နန်းနွယ်အောင်၊ ရဲအုပ်ကျော်ဇင်မောင်-ဒေါ်ခင်နန္ဒာစိုး (အမျိုးသားလွှတ်တော်)၊ ဦးအောင်သူရ-ဒေါ်ခင်ဝတီစိုး (မြန်မာ့ရှေ့ဆောင်ဘဏ်)၊ မခင်သော်တာစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဘုန်းမြတ်ကျော်စော၊ မသူရမြတ်နိုးခင်၊ မခင်သီရိတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၄-၁-၂၀၁၉ ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ ရက် နံနက် ၁၁း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၅၄၀)၊ ဥယျာဉ်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစံမိုဝေ အသက်(၆၀)

VOA (မြန်မာပိုင်း)
(AFP, Internews, RFA, ပြည်ပရောက် မြန်မာသတင်းသမဂ္ဂ BMA အတွင်းရေးမှူးဟောင်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၇၁)၊ သာသနာ့ရိပ်သာလမ်းနေ (ဦးစံဝေ-ဒေါ်ခင်လှ)တို့၏ သားထွေး၊ ဦးဆန်နီဝေ-ဒေါ်ချယ်ရီ၊ ဦးဆန်နီဝေ(ခ) ဦးတင်မောင်ဝင်း-ဒေါ်စန်းစန်းမြင့်၊ ဒေါ်တင်မိုးဝေ၊ (ဒေါ်ခင်မိုးဝေ)-ဦးစိုးဝင်း၊ ဦးစံညိုဝေ-ဒေါ်သီတာရွှေ၊ ဦးစံပိုဝေ (Miraco Co.,)-ဒေါ်မြင့်မြင့်အေးတို့၏ ညီ/မောင်၊ (ဒေါ်စုစုဝေ)၊ (ဒေါ်သန့်သန့်ထူးဝေ-ဦးထွန်းနိုင်)တို့၏ အစ်ကို၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေး၊ ဒေါက်တာထူးတင့်ဝေ-မောင်သန့်ဇင်၊ သန့်သုဝေ (Marine Engineer)၊ Simon Sonmo Wai တို့၏ ချစ်လှစွာသောဖခင်၊ (ဒေါ်စန္ဒာဦး)၊ ဒေါ်သိင်္ဂီထိုက် (VOA, USA)၏ ချစ်လှစွာသောခင်ပွန်း ဦးစံမိုဝေသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) ဝါရှင်တန် စံတော်ချိန် မွန်းလွဲ ၃း၁၅နာရီတွင် အမေရိကန်ပြည်ထောင်စု၊ Mary Land၊ Suburban Hospital ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၇-၁-၂၀၁၉(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၇၁)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုတင်ထွန်းအောင်(ခ)အောင်ဘု

(BA-History)

### အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁၈)၊ စံပယ်(၂) လမ်းနေ ဦးကြည်မောင်-ဒေါ်သန်းမူတို့၏ သား၊ ကိုသန်းအောင်(EFR Group of Companies)-မသွယ်သွယ်ဦး(M.R.T.W Logistics)၊ ကိုထွန်းထွန်းစိုး(B.T.M ဥသျှစ်ပင်ဆီဆိုင်)-မအေးအေးဟန်တို့၏မောင်၊ မတင်မာလာ(ထခွဲလ-၁၆၊ လှိုင်သာယာ)၏ အစ်ကို၊ တူနှစ်ယောက်တို့၏ ဦးလေးသည် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မြို့တော် ခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားကို ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်း အင်အား"ဖြင့် ကာကွယ်စောင့်ရှောက် ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော် နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်း ဆောင်ရွက်ရေး၊ နိုင်ငံသူ နိုင်ငံသား များ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တ ကို ထိခိုက်ပျက်ပြားစေသည့် မူးယစ် ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက် ဘက်ညီ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် စဉ်ဆက်မပြတ် အလေးထား

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❋**



နေပြည်တော် မြို့တော်ခန်းမရှေ့၌ (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

## ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအပါအဝင် ရှစ်သင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၁၉ ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဖိတ်ခေါ် ပြိုင်ပွဲတွင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းအပါအဝင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဂျပန်ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဘောလုံး ဖွံ့ဖြိုးရေးအတွက် ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှ ယူ-၁၉ အမျိုးသမီး ခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲကို မတ် ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ဂျပန်အသင်းနှင့်အတူ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ■**



ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ လာရောက် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ *ဓာတ်ပုံ-အေးမင်းသူ*

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၄**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ပါဘက်" သည် ထိုင်းနိုင်ငံ နခွန်စီသမာရက်မြို့နှင့် ပက်ဖနောင်းမြို့အနီးမှ စတင်ဖြတ်ကျော်လျက်ရှိသည်။

အဆိုပါ အပူပိုင်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး အပူပိုင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားကာ ကပ္ပလီပင်လယ်ပြင်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ○**

**ဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်းလေးခုအား AA သောင်းကျန်းသူအဖွဲ့က အင်အား အလုံးအရင်းဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်၊ ရဲတပ်ဖွဲ့ဝင် ၁၃ ဦး ကျဆုံးပြီး ကိုးဦး ဒဏ်ရာရရှိ**

စာမျက်နှာ - ၁၄

